မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက် | ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ်(၀၇၅)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းပြည့်မြောက်သည့် အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းပြည့်မြောက်သည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၃

နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကော်ပိုရေးရှင်းဥက္ကဋ္ဌများ၊ အမှုဆောင်အရာရှိချုပ်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်ကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ ဂမ်ဘီယာနိုင်ငံက တင်သွင်းသည့်ကိစ္စအပေါ် ဒုတိယအကြိမ် တက်ရောက်ရှင်းလင်းပြောကြားစဉ်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ ဒုတိယအကြိမ် တက်ရောက်ရှင်းလင်းပြောကြား

သည်ဟိတ်ဂ် ဒီဇင်ဘာ ၁၃

နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတော်၏ ကိုယ်စားလှယ်အနေဖြင့် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ ပြုလုပ်သည့် မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံက တင်သွင်းသည့်ကိစ္စအပေါ် ဒုတိယအကြိမ် ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံကိုယ်စား နိဂုံးချုပ် လျှောက်လဲရာတွင် အပြည်ပြည်ဆိုင်ရာတရားရုံးသို့ ဂမ်ဘီယာနိုင်ငံမှ တင်သွင်းထားသည့် အမှုကိစ္စအား ရုံးတော်စာရင်းမှ ပယ်ဖျက်ပေးရန် သို့မဟုတ် ဂမ်ဘီယာမှ တောင်းဆိုသည့် ကြားဖြတ်စီမံဆောင်ရွက်ချက်အား ပယ်ချရန်ရုံးတော်သို့ မေတ္တာရပ်ခံပြောကြားသည်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရှင်းလင်းပြောကြားမှုအား အလွတ်သဘောဘာသာပြန်ဆို၍ စာမျက်နှာ ၆ တွင် သီးခြားဖော်ပြထားပါသည်။)

မြန်မာနိုင်ငံဘက်မှ လိုက်ပါဆောင်ရွက်ကြသည့် ဥပဒေအကြံပေးများနှင့် ရှေ့နေများက ဂမ်ဘီယာနိုင်ငံမှ

စာမျက်နှာ ၅ ကော်လံ ၁ ◆

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ

ပြည်သူ့လွှတ်တော် ➢ ၈

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကျင်းပ

အမျိုးသားလွှတ်တော် ➢ ၉

စေတနာဆေး မေတ္တာဆေး သစ္စာဆေး . . .

ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။

ခေတ်အားသုံးစွဲမှု ရာနှုန်းပြည့်မည့်နေ့ဆီ

ယခုအခါ မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၅၀ ရာခိုင်နှုန်း ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နိုင်ငံလုံး ဓာတ်အားသုံးစွဲမှု၏ ထက်ဝက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှု ရာနှုန်းပြည့် ဖြစ်စေရန် ရည်မှန်းထားသည့်အတွက် လာမည့် ၁၀ နှစ်တာကာလအတွင်း ကျန်သည့် ၅၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းနိုင်ရန် တည်ဆောက်သွားရမည်ဖြစ်သည်။

လွန်ခဲ့သည့် သုံးနှစ်ခွဲကာလက တစ်နိုင်ငံလုံး၏ ၃၄ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ခဲ့သည့် အခြေအနေမှ ယခုကဲ့သို့ ဓာတ်အားလိုအပ်ချက်၏ ထက်ဝက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ စသည်တို့ကို များစွာကြိုးပမ်း တည်ဆောက်ခဲ့ရသည်။ လျှပ်စစ်ဓာတ်အားကို ယခင်ကတည်းက ရရှိခဲ့ကြသည့် မြို့ပြကျေးရွာဒေသများအနေဖြင့် နိုင်ငံတော်က လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ပိုမိုမြင့်တင်လာနိုင်ခြင်းအပေါ် အမှတ်တမဲ့သာ ခံစားမိကြမည်ဖြစ်သော်လည်း ယခင်က လျှပ်စစ်မီးသုံးစွဲခွင့်မရခဲ့သည့် မြို့ရွာဒေသများအနေဖြင့်မူ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် ရရှိလာခြင်းမှာ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပေါ်တွင် အကျိုးရလဒ်များစွာ ဖြစ်ထွန်းလာခြင်းဖြစ်၍ မြို့ပြကျေးရွာများ၏ အဆင့်အတန်းများ တစ်ဆင့်တက် မြင့်မားလာကြခြင်းပင်ဖြစ်သည်။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်မှာ လမ်းတံတားများ ကောင်းမွန်ရေး၊ ဆက်သွယ်ရေးစနစ်များ ကောင်းမွန်ရေး၊ လျှပ်စစ်ဓာတ်အားကောင်းမွန်ရေး အပါအဝင် အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်ဖို့လိုအပ်သလို ဒေသတွင်းနေ ပြည်သူများ၏ အရည်အသွေးနှင့် ကြိုးပမ်းအားထုတ်မှုတို့ကလည်း ကောင်းမွန်ဖို့လိုအပ်သည်။ အခြေခံအဆောက်အအုံများ မည်မျှကောင်းမွန်စေကာမူ လူ့စွမ်းအားအရင်းအမြစ်များ မဖွံ့ဖြိုးဘဲ နိမ့်ကျနေပြီး ကြိုးပမ်းအားထုတ်လိုစိတ်မရှိဘဲ နေမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်မှုတို့ နတ္ထိဖြစ်နေပေလိမ့်မည်။ လျှပ်စစ်စွမ်းအင်ကို ရရှိလာခြင်းက ကျေးလက်ဒေသ၏ စီးပွားရေးကို မြှင့်တင်နိုင်ပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် ကြီးမားသည့် အထောက်အကူပင်ဖြစ်သည်။ စနစ်တကျသုံးစွဲပြီး ထိရောက်စွာ အသုံးချတတ်ရန်သာလိုသည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် နှစ်စဉ် ၁၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ တိုးတက်နေခြင်းဖြစ်ရာ ယင်းတိုးတက်နှုန်းကို အမီလိုက်ပြီး ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ရာနှုန်းပြည့် ဖြည့်ဆည်းနိုင်ရန်မှာ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားလည်း လိုအပ်သည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ရေအား၊ နေအား၊ လေအား၊ ဘူမိအပူစွမ်းအင်၊ သဘာဝဓာတ်ငွေ့ စသည်တို့အပါအဝင် အရင်းအမြစ်အမျိုးမျိုးတို့မှ ထုတ်လုပ်ရာတွင် အားနည်းချက်၊ အားသာချက်တို့ ကိုယ်စီရှိနေသည့်အလျောက် မိမိနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီဆီလျော်သည့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုစနစ်တို့ကို သုံးစွဲကြရခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေ တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားသုံးစွဲမှု၏ ၅၀ ရာခိုင်နှုန်း အသုံးပြုနိုင်ပြီဖြစ်သည့်အချိန်တွင် ကျန် ၅၀ ရာခိုင်နှုန်းသည် လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရန် မျှော်လင့်စောင့်ဆိုင်းနေကြရဆဲဖြစ်ပြီး ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက်လည်း နိုင်ငံတော်အစိုးရက လာမည့် ၁၀ နှစ်တာအတွင်း ပြည့်စုံနိုင်အောင် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်ကို သတိမူမိစေဖို့ပင်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် ရရှိထားပြီးသူများအနေဖြင့် စနစ်တကျအကျိုးရှိစွာ သုံးစွဲရေး၊ ဓာတ်အားလေလွင့်ပျောက်ဆုံးမှုများ မဖြစ်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ ဓာတ်အားခများ မှန်ကန်စွာ ပေးဆောင်ခြင်းသည် ညအခါအမှောင်ကျနေဆဲ ဒေသများ အလင်းရရေးအတွက် လိုအပ်ချက်တစ်ရပ်ဖြစ်သည်ဟူသော နားလည်မှုများဖြင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပါဝင်ကြိုးပမ်းထမ်းရွက်ကြခြင်းဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ရာနှုန်းပြည့် ဓာတ်အားသုံးစွဲနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။ ။

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၃

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးနှင့် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးများသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ဆောင်ရွက်မည့် နိုင်ငံဆိုင်ရာ မဟာဗျူဟာအစီအစဉ် (၂၀၁၈-၂၀၂၂)ဆိုင်ရာ နားလည်မှုစာလွှာ လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၃

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် နိုင်ငံဆိုင်ရာ မဟာဗျူဟာအစီအစဉ် (၂၀၁၈-၂၀၂၂) နှင့်စပ်လျဉ်းသည့် နားလည်မှုစာလွှာ (Letter of Understanding - LoU) လက်မှတ်ရေးထိုးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နားလည်မှုစာလွှာကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်နှင့် WFP Country Director and Resident Representative, Mr. Stephen Anderson တို့က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်း၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြသည်။ **(အောက်ပုံ)**

လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ WFP နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ/ အဖွဲ့အစည်းများမှ အရာရှိကြီးများနှင့် WFP မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

WFP ၏ မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာအစီအစဉ် (၂၀၁၈-၂၀၂၂) ကို သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် WFP တို့ ညှိနှိုင်းဆွေးနွေးရေးဆွဲထားခြင်းဖြစ်ပြီး စုစုပေါင်း ခန့်မှန်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၁၀ ဒသမ ၈၀ သန်းဖြင့် သဘာဝဘေးနှင့် ပဋိပက္ခဖြစ်ပွားသည့် ဒေသများရှိ ပြည်သူများအတွက် တစ်နှစ်ပတ်လုံး စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်မီရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ထိခိုက်လွယ် ပြည်သူများအတွက် တစ်နှစ်ပတ်လုံး စားနပ်ရိက္ခာဖူလုံမှုရှိရေး၊ မြန်မာနိုင်ငံရှိ အသက် ၅ နှစ်အောက် ကလေးများအတွက် အာဟာရပြည့်မီရေးဆိုင်ရာ လုပ်ငန်းစီမံချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ လူဦးရေ ၂ ဒသမ ၇၉ သန်းခန့် အကျိုးခံစားခွင့်များ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(ဝါးခယ်မမြို့)
၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၈ ၊ ၁၉)ရက်၊(ဗုဒ္ဓဟူး ၊ ကြာသပတေး)နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ဒေါ်ပိုက်မိခန်းမ ၊ အ.ထ.က(၁) ၊ ဝါးခယ်မမြို့။

ရွှေသွေးဂျာနယ်ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဒီဇင်ဘာ ၁၄ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကာတွန်းရွှေမိုး၏ မုဆိုးကြီးရဲ့သီလ မျက်နှာဖုံးဇာတ်လမ်း၊ သဘာဝတရားက မိမိနှင့်လိုက်လျောညီထွေ ဖန်တီးပေးထားသည်ကို ကျေနပ်လက်ခံနိုင်စေရန် တင်ဆက်ထားသည့် နှစ်မျက်နှာ ကာတွန်း၊ ဆင်နှာမောင်း၏ အသုံးဝင်ပုံများအကြောင်း ဗဟုသုတဖြစ်ဖွယ် သုတဆောင်းပါး၊ ဝတ္ထုတိုအပါအဝင်၊ ရွှေသွေးအင်္ဂလိပ်စကားဝိုင်း၊ ဉာဏ်စမ်း၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ၊ မှတ်စရာများ ပါရှိကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့် အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။ သတင်းစဉ်

✻ ရှေ့ဖုံးမှ

ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဂုဏ်ပြု အမှာစကားပြောကြားသည်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဂုဏ်ပြုအမှာစကားကို စာမျက်နှာ ၄ တွင် သီးခြားဖော်ပြထားပါသည်။)

ရှင်းလင်းတင်ပြ

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်ခြင်းနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့် အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့က နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်ခြင်း အထိမ်းအမှတ်ကျောက်စာနှင့် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်တို့ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်းများ၏ သားငယ်သမီးငယ်များက နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့် ဂုဏ်ပြုအထိမ်းအမှတ် "မဟာမီးအလင်းအောင်ပွဲ" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းပြည့်မြောက်ရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအား Video Clip ဖြင့် ပြသသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ကော်ပိုရေးရှင်းဥက္ကဋ္ဌများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အမှုဆောင်အရာရှိချုပ်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့်လည်းကောင်း စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အမွှေးနံ့သာရည် ပက်ဖျန်း

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့က နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်ခြင်း အထိမ်းအမှတ်ကျောက်စာနှင့်ကမ္ပည်းမော်ကွန်းကျောက်စာတိုင် တို့ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်ခြင်း အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုပြီး ဂုဏ်ပြုမှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

စာမျက်နှာ ၄ သို့

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်ခြင်း အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးနဲ့ ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ပြည်သူလူထုရဲ့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေးတို့ကို များစွာကောင်းကျိုးသက်ရောက်စေမှာဖြစ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အား သုံးစွဲမှု (၅၀ %) ပြည့်မြောက်သည့် အခမ်းအနားတွင် ပြောကြားသည့် ဂုဏ်ပြုအမှာစကား (၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

ယနေ့ ကျင်းပပြုလုပ်တဲ့ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၅၀%) ပြည့်မြောက်သည့် အခမ်းအနားသို့ တက်ရောက်လာကြတဲ့ နိုင်ငံတော်အဆင့် အကြီးအကဲများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားသုံးစွဲမှု (၅၀ %) ပြည့်မြောက်တဲ့ အခမ်းအနားဟာ နိုင်ငံတော်တစ်ဝန်းလုံးအတွက် အလွန်အရေးပါပြီး မင်္ဂလာရှိတဲ့နေ့ တစ်နေ့လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ အဓိက လိုအပ်ချက်တွေထဲမှာ လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်မီးရရှိရေးလည်းပါဝင်ပြီး ကျွန်တော်တို့အစိုးရ စတင်တာဝန် ထမ်းဆောင်ချိန်ကစပြီး တိုးတက်မှုရရှိအောင် ကြိုးစားဆောင်ရွက်ခဲ့တဲ့ ကိစ္စလည်း ဖြစ်ပါတယ်။

ရေတိုရေရှည်စီမံကိန်းများ ဆောင်ရွက်

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ် ရပ်တည်နိုင်ရေးနဲ့ ပြည်သူတွေရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လျှပ်စစ်နဲ့စွမ်းအင်ကဏ္ဍဟာ အဓိကကျပါတယ်။ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်စဉ်တိုးတက် လိုအပ်လာတဲ့ လျှပ်စစ်နဲ့စွမ်းအင်ကဏ္ဍကို စဉ်ဆက်မပြတ် ဖြည့်ဆည်းနိုင်ရေး၊ လျှပ်စစ်နဲ့စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ မဟာဗျူဟာနဲ့ အစီအစဉ်များ ရေးဆွဲချမှတ်ပြီး ရေတိုရေရှည် စီမံကိန်းများနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

မဟာဗျူဟာလုပ်ငန်းစဉ်တစ်ရပ်ချမှတ်

ရေတိုရေရှည် စီမံကိန်းများနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေးအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals – SDGs) မှာပါရှိတဲ့ စဉ်ဆက်မပြတ်ဖြစ်ထွန်းပြီး အားလုံးအကျုံးဝင်တဲ့ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ လုပ်သားပြည့် အလုပ်အကိုင် ရရှိစေရေး၊ အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိပြီး သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ရရှိစေရေး၊ ကြံ့ခိုင်တဲ့ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ အားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့တဲ့ စက်မှုလုပ်ငန်းထူထောင်နိုင်ရေးနဲ့ ဆန်းသစ်တီထွင်မှုများကို အားပေးမြှင့်တင်ရေးဆိုတဲ့ ပန်းတိုင်များသို့ ရောက်ရှိအောင် မျှော်မှန်းကာ အခြားသော ပန်းတိုင်များနဲ့ပါ ချိန်ညှိလျက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၈–၂၀၃၀) (Myanmar Sustainable Development Plan – MSDP 2018–2030) ကို ရေးဆွဲထားရှိပါတယ်။ ယင်း MSDP မှာလည်း စဉ်ဆက် မပြတ် ဖွံ့ဖြိုးရေးနဲ့ စီးပွားရေးလုပ်ငန်း အမျိုးမျိုးကို ပံ့ပိုးပေးမယ့် ဦးစားပေး အခြေခံအဆောက်အအုံများ တည်ဆောက်ရေးဆိုတဲ့ မဟာဗျူဟာလုပ်ငန်းစဉ် တစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

MSDP အရ ချမှတ်ထားတဲ့ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာမှာလည်း လိုအပ်တဲ့ အမျိုးသားအဆင့်စီမံကိန်းရေးဆွဲခြင်း၊ ဥပဒေနည်းဥပဒေတွေ ပြင်ဆင်ဖြည့်စွက်ခြင်း၊ ဘတ်ဂျက်ဆိုင်ရာကိစ္စရပ်များ အကူအညီရယူခြင်း၊ နိုင်ငံတစ်ဝန်းမှာ လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားဆိုင်ရာ အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်း စတဲ့ လုပ်ငန်းကဏ္ဍအသီးသီးကို ပြည်တွင်းပုဂ္ဂလိကများ၊ ပြည်ပအဖွဲ့အစည်းများနဲ့ ဟန်ချက်ညီညီ လက်တွဲပူးပေါင်းအကောင်အထည်ဖော်ခဲ့ပါတယ်။

တိုးတက်ထုတ်လုပ်နိုင်ခဲ့

လက်ရှိအနေအထားအရ မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားကို နှစ်စဉ် (၁၅ %) မှ (၁၉ %) အထိ တိုးတက်သုံးစွဲနေတဲ့အတွက် နိုင်ငံတော်အနေနဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပြည့်မီစွာ ထုတ်လုပ်ပေးနိုင်ရေး ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့အစိုးရ တာဝန်ယူဆောင်ရွက်ခဲ့တဲ့အချိန်ကစပြီး လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးအတွက် နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေ အသုံးစရိတ်များမှာ လျှပ်စစ်ကဏ္ဍအတွက် ဦးစားပေးပြီး ခွဲဝေသတ်မှတ်ပေးခဲ့ပါတယ်။ ဒီလို လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလမှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအထိ ကာလအတွင်းမှာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၃) ရုံ၊ အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ (၆) ရုံ၊ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ (၁) ရုံ၊ စုစုပေါင်း (၁၀) ရုံ၊ လျှပ်စစ်ဓာတ်အား (၉၀၄) မဂ္ဂါဝပ်ကို တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်ခဲ့တာနဲ့အမျှ ထုတ်လုပ်ပေးတဲ့ ဓာတ်အားများကိုလည်း တောရောမြို့ပါမကျန် တောင်တန်း၊ မြေပြန့်မခွဲခြားဘဲ အသုံးပြုနိုင်ရေးအတွက် ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီနဲ့ ၄၀၀ ဗို့ ဓာတ်အားလိုင်း စုစုပေါင်း ၁၉၆၀၀ မိုင်ကျော်နဲ့ ၁၂၆၃၆ အမ်ဗွီအေရှိတဲ့ ဓာတ်အားခွဲရုံများကိုလည်း ၂၀၁၆ ခုနှစ်မှ စတင်ပြီး ၃ နှစ်ခွဲကာလအတွင်း တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

> ❑ နိုင်ငံတော်အစိုးရအနေနဲ့ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်ခဲ့တာနဲ့အမျှ ထုတ်လုပ်ပေးတဲ့ ဓာတ်အားများကိုလည်း တောရောမြို့ပါမကျန် တောင်တန်း၊ မြေပြန့်မခွဲခြားဘဲ အသုံးပြုနိုင်ရေးအတွက် ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီနဲ့ ၄၀၀ ဗို့ ဓာတ်အားလိုင်း စုစုပေါင်း ၁၉၆၀၀ မိုင်ကျော်နဲ့ ၁၂၆၃၆ အမ်ဗွီအေရှိတဲ့ ဓာတ်အားခွဲရုံများကိုလည်း ၂၀၁၆ ခုနှစ်မှ စတင်ပြီး ၃ နှစ်ခွဲကာလအတွင်း တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့
>
> ❑ ၂၀၁၆ ခုနှစ်၊ မတ်လမှာ တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ (၃၄ %) အတွက်သာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ရာကနေ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှာ တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ (၅၀ %) အထိ တိုးတက်ဖြန့်ဖြူးပေးနိုင်ခဲ့

တိုးတက်ဖြန့်ဖြူးပေးနိုင်

ဒါ့ကြောင့်လည်း ၂၀၁၆ ခုနှစ်၊ မတ်လမှာ တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ (၃၄ %) အတွက်သာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ရာကနေ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှာ တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ (၅၀ %) အထိ တိုးတက်ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးနဲ့ ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ပြည်သူလူထုရဲ့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေးတို့ကိုလည်း များစွာကောင်းကျိုးသက်ရောက်စေမှာ ဖြစ်ပါတယ်။

အကျိုးသက်ရောက်မှုရှိ

ဒါ့အပြင် လျှပ်စစ်ဓာတ်အားစနစ် မရောက်ရှိသေးတဲ့ ဒေသတွေမှာ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို စီမံဆောင်ရွက်ရာမှာ ယခင်က လျှပ်စစ်ဓာတ်အား မရောက်ရှိသေးတဲ့ ဒေသတွေကို ဦးစားပေး ဆောင်ရွက်လျက် ရှိပြီး (၃) နှစ်ခွဲကာလအတွင်း ကရင်ပြည်နယ်မှာ မြဝတီမြို့သို့ လည်းကောင်း၊ ရခိုင်ပြည်နယ်မှာ မောင်တောမြို့သို့ လည်းကောင်း၊ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာရှိတဲ့ ကျိုင်းတုံဒေသကိုလည်း ၂၀၂၀ ပြည့်နှစ်မှာ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ရရှိနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ဒေသကို ဓာတ်အားပေးနိုင်ရေးအတွက် ၂၃၀ ကေဗွီ မော်လမြိုင်–ရေး–ထားဝယ် ဓာတ်အားလိုင်းကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်က စတင်ဆောင်ရွက်လျက်ရှိရာ ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ပြီးစီးမှာ ဖြစ်ပါတယ်။ ၂၀၃၀ ခုနှစ်မှာ တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားသုံးစွဲမှု (၁၀၀)ရာခိုင်နှုန်းသို့ ရောက်ရှိရန်လည်း ဆက်လက်အကောင်အထည်ဖော် ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ လျှပ်စစ်ကဏ္ဍတိုးတက်လာခြင်းဟာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်တို့ ဖွံ့ဖြိုးလာစေရန် အကျိုးသက်ရောက်မှုရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ဖို့၊ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေကို ပစ္စုပ္ပန်နဲ့ အနာဂတ်မျိုးဆက်သစ်တွေ ခံစားနိုင်ဖို့အတွက် လျှပ်စစ်ကဏ္ဍအား ဆက်လက်ကြိုးပမ်းကြစေလိုပါတယ်။

ယခင်က ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနဲ့ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့မှာ အော်တိုတယ်လီဖုန်းများသာရှိရာက ယခုအခါ ပြည်သူအား ဝန်ဆောင်မှုအကောင်းဆုံးပေးနိုင်ရန်အတွက် “1717” Hot Line ဖုန်းနှင့် “1616 ” Hot Line ဖုန်းတို့နဲ့ (၂၄)နာရီ ဝန်ဆောင်မှုပေးနေပြီ ဖြစ်ပါတယ်။ ယခုဆို တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၅၀ %) ပြည့်မြောက်တဲ့ အခါသမယမှာ ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြတဲ့ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ ပြည်သူပြည်သားများအားလုံးနဲ့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ အားလုံးတို့ကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ နိုင်ငံတော်ကြီး သာယာဝပြောပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက နိုင်ငံတော်တွင် လျှပ်စစ်ဓာတ်အားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စေရန်၊ အကြီးစားလျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ပိုမိုအားပေးရန်၊ လျှပ်စစ်ဓာတ်အားကို ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေရန်တို့ကို ဆက်လက်ပြီး ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

စာမျက်နှာ ၃ မှ

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အဆိုပါအချိန်၌ နိုင်ငံတော်ဓာတ်အားစနစ်မှ တစ်နိုင်ငံလုံး၏ ၃၄ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အား ရရှိခဲ့သည်။ လျှပ်စစ်ကဏ္ဍတွင် ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ နေရောင်ခြည်စွမ်းအင်ကဲ့သို့ စွမ်းအင်အရင်းအမြစ်မျိုးစုံကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်ပေးခြင်းဖြင့် လည်းကောင်း၊ ဓာတ်အားပို့လွှတ်ရေးလိုင်းများကို ၂၃၀ ကေဗွီလိုင်းများ တိုးချဲ့ခြင်းနှင့် ၅၀၀ ကေဗွီသို့ တိုးမြှင့်အသစ်တည်ဆောက်ပြီး နိုင်ငံတော်ဓာတ်အားစနစ်ကို အဆင့်မြှင့်တင်ခြင်းဖြင့် လည်းကောင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ဓာတ်အားဖြန့်ဖြူးရေးစနစ်တွင် ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီ၊ ၄၀၀ ဗို့ဓာတ်အားလိုင်း စုစုပေါင်း ၁၉၆၀၀ မိုင်ကျော်နှင့် ၁၂၆၃၆ အမ်ဗွီအေရှိသော ဓာတ်အားခွဲရုံများကို ၂၀၁၆ ခုနှစ်မှစတင်၍ ၃ နှစ်ခွဲကာလအတွင်း တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဧပြီလမှ ယခုအချိန်အထိ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းငွေကျပ် ၂၃၂၇ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့ပြီး လျှပ်စစ်ဓာတ်အား ၉၀၀ မဂ္ဂါဝပ်ကျော် ထပ်တိုးထုတ်လုပ်ပေးနိုင်ခဲ့ကာ ၂၀၂၀ ပြည့်နှစ် နှစ်လယ်ခန့်တွင် နောက်ထပ် ၁၀၀၀ မဂ္ဂါဝပ်ကျော်ကို ထပ်မံထုတ်လုပ်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဓာတ်အားစနစ်မှတိုးချဲ့၍ မြို့ရွာများ၏မီးလင်းရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ပေးခဲ့ရာ ယခုအချိန်တွင် မြို့ပေါင်း ၃၆၈ မြို့နှင့် ကျေးရွာစုစုပေါင်း ၁၆၉၄၁ ရွာကျော် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိပြီး ယခုအချိန်တွင် ဓာတ်အားစနစ်မှ တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းအထိ တိုးတက်ဖြန့်ဖြူးနိုင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ဆက်လက်၍ ၂၀၂၁–၂၀၂၂ ခုနှစ်တွင် ၅၅ ရာခိုင်နှုန်း၊ ၂၀၂၅–၂၀၂၆ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းအထိ ဖြည့်ဆည်းပေးနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နယ်သာလန်နိုင်ငံနှင့် ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံ

သည်ဟိတ်ဂ် ဒီဇင်ဘာ ၁၃

နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယမန်နေ့ ညပိုင်းနှင့် ယနေ့နံနက်ပိုင်းတို့တွင် ခေတ္တတည်းခိုသည့်နေရာ၌ နယ်သာလန်နိုင်ငံနှင့် ပြည်ပနိုင်ငံများမှ နယ်သာလန်နိုင်ငံသို့ လာရောက်ထောက်ခံဝန်းရံကြသည့် မြန်မာနိုင်ငံသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

အမြဲအမှတ်ရနေမည်

တွေ့ဆုံပွဲများတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ၏ ညီညွတ်သည့်စိတ်ဓာတ်မှာ အလွန်အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံသည် ရုပ်ပိုင်းဆိုင်ရာ အင်အားတောင့်တင်းသည့် နိုင်ငံတစ်နိုင်ငံ မဟုတ်ပါကြောင်း၊ သို့ဖြစ်၍ စိတ်ဓာတ်အင်အား၊ ဝီရိယ၊ ဖွဲလုံ့လအင်အား တို့ဖြင့် ရပ်တည်ရမည်ဖြစ်ပါကြောင်း၊ အခက်အခဲများနှင့် ရင်ဆိုင်ရာတွင် ပြည်သူများ၏ ဝိုင်းဝန်းပေးမှုများသည် ခွန်အားဖြစ်စေပါကြောင်း၊ မိမိတို့ နိုင်ငံသားများအနေဖြင့် မည်သည့်နိုင်ငံတွင် နေထိုင်သည်ဖြစ်စေ၊ မည်သည့်နိုင်ငံသားဖြစ်စေ မြန်မာမိသားစုဝင်များသာဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံသားများအနေဖြင့် အမှန်တကယ် လိုအပ်ချိန်တွင် ဝိုင်းဝန်းရပ်တည် ပေးသည့်အတွက် မိမိအနေဖြင့် အမြဲအမှတ်ရနေမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တက်ရောက်လာကြသူများ တင်ပြသည့် နိုင်ငံသား ပြန်လည်ရရှိရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လာပြီး တတ်မြောက်ထားသည့် ပညာအတွေ့အကြုံတို့ဖြင့် လုပ်အားပေးဝန်ထမ်း ဆောင်ရွက်နိုင်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **သတင်းစဉ်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နယ်သာလန်နိုင်ငံနှင့် ပြည်ပနိုင်ငံများမှ လာရောက်ထောက်ခံဝန်းရံကြသည့် မြန်မာနိုင်ငံသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

ယမန်နေ့နံနက်က တင်ပြခဲ့သည့် ကိစ္စများအပေါ် ပြန်လည်တုံ့ပြန်မှုများ ပြုလုပ်ကြပြီး ဒေါက်တာ Christopher Staker က prima facie jurisdiction နှင့် prima facie standing အပါအဝင် ကြားဖြတ်စီမံဆောင်ရွက်ချက် တောင်းဆိုမှုတို့နှင့် စပ်လျဉ်း၍ ဂမ်ဘီယာမှ ပြောကြားချက်များအပေါ် ပြန်လည်တုံ့ပြန် ပြောကြားသည်။

ပြန်လည်တုံ့ပြန်ပြောကြား

အလားတူ ပါမောက္ခ William Schabas က ဂမ်ဘီယာမှ ပြောကြားသည့် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးအဖွဲ့ (United Nations Fact Finding Mission) နှင့် Lack of a Plausible Claim နှင့် စပ်လျဉ်း၍ ပြန်လည်တုံ့ပြန်ပြောကြားသည်။

တက်ရောက်

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ရှင်းလင်းပြောကြားမှု အစီအစဉ်သို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဦးကျော်တင်၊ ဘယ်လ်ဂျီယံနိုင်ငံနှင့် နယ်သာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးလင်းဟန်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘက်မှ လိုက်ပါဆောင်ရွက်နေကြသည့် ပြည်တွင်း၊ ပြည်ပဥပဒေပညာရှင်များနှင့် ၎င်းတို့၏ အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထောက်ခံအားပေး

ယနေ့တွင်လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဆောင်ရွက်မှုကို ထောက်ခံအားပေး ဝန်းရံကြသည့် မြန်မာနိုင်ငံမှ လာရောက်ကြသော ပြည်သူများနှင့် နယ်သာလန်နိုင်ငံနှင့် အခြား ပြည်ပနိုင်ငံများမှ လာရောက်ကြသည့် မြန်မာနိုင်ငံသားများက အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ရှေ့၌ လာရောက်ထောက်ခံအားပေး ဝန်းရံကြသည်။

ဂမ်ဘီယာနိုင်ငံက ဒုတိယအကြိမ် နှုတ်ဖြင့်လျှောက်လဲမှုကို ယမန်နေ့ နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည်။

တရားရုံး ကြားနာမှုပြီးနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သည်ဟိတ်ဂ်မြို့မှ ပြန်လည်ထွက်ခွာကြမည့် မြန်မာအသိုက်အဝန်းနှင့်လည်းကောင်း၊ ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံမှ လာရောက်ကြသည့် ပြည်သူများအပါအဝင် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေကြသည့် မြန်မာ အသိုက်အဝန်းနှင့် လည်းကောင်း တွေ့ဆုံသည်။ **သတင်းစဉ်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဆောင်ရွက်မှုကို မြန်မာနိုင်ငံမှလာရောက်ကြသော ပြည်သူများနှင့် နယ်သာလန်နိုင်ငံနှင့် အခြားပြည်ပနိုင်ငံများမှ လာရောက်ကြသည့် မြန်မာနိုင်ငံသားများက အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)ရှေ့၌ လာရောက်ထောက်ခံအားပေးဝန်းရံကြစဉ်။ သတင်းစဉ်

အလွတ်သဘောဘာသာပြန်ဆိုချက်

အပြည်ပြည်ဆိုင်ရာတရားရုံးသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၏ ဒုတိယအကြိမ် ရှင်းလင်းပြောကြားချက်

(သည်ဟိတ်ဂ်မြို့၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

သဘာပတိကြီးနဲ့ တရားသူကြီးများရှင့်–

မြန်မာနိုင်ငံမှာ စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးစနစ်ရှိတာဟာ အငြင်းပွားနေစရာကိစ္စတစ်ခု မဟုတ်ပါဘူး။ အမေရိကန်ပြည်ထောင်စုနဲ့ ဗြိတိန်နိုင်ငံတို့မှာလည်း အလားတူ တရားစီရင်ရေးစနစ်များ ရှိကြတာပါပဲ။ မြန်မာနိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံတဲ့ ဒီမိုကရေစီနဲ့ တရားဥပဒေစိုးမိုးရေး ရှင်သန်ထွန်းကားဖို့ဆိုရင် မြန်မာနိုင်ငံရဲ့လက်ရှိ အခြေခံဥပဒေကို လျစ်လျူရှုဖို့ မကြိုးစားသင့်သလို လျစ်လျူရှုထားလို့လည်း မရပါဘူး။ နိုင်ငံတကာရာဇဝတ်ခုံရုံးတွေမှာတောင် ကြီးလေးတဲ့ နိုင်ငံတကာရာဇဝတ်မှုတွေကို ရုံးတင်စစ်ဆေးစီရင်ဖို့ အချိန် (၄)နှစ်ကနေ (၈) နှစ်အထိ၊ တစ်ခါတလေ ဒီထက်တောင် ကြာတတ်ပါတယ်။ ARSA ကို တုံ့ပြန်တဲ့ လက်နက်ကိုင်ပဋိပက္ခအခြေအနေတွေ ဖြစ်ပွားခဲ့ပြီး (၂)နှစ်ကျော်အချိန်အတွင်းမှာ ဒုတိယစစ်ခုံရုံးဖွဲ့ စုံစမ်းမှုများကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဂမ်ဘီယာနိုင်ငံအနေနဲ့ အင်းဒင်ဖြစ်ရပ်နဲ့ပတ်သက်ပြီး စစ်ဘက်ဆိုင်ရာ တရားစီရင်မှန်ကန်မှုအပေါ် ဝေဖန်ခြင်းမပြုဘဲ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းအပေါ်မှာသာ ဝေဖန်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်လို့ အများစိတ်မသက်မသာဖြစ်ရပါတယ်။ လက်ရှိဆောင်ရွက်နေတဲ့ ဘူးသီးတောင်မြို့နယ်၊ ဂူတာပြင်စစ်ခုံရုံးလုပ်ငန်းစဉ်ကို ပြီးတဲ့အထိ ဆောင်ရွက်ခွင့်ပေးဖို့လိုပါတယ်။ အလားတူပါပဲ မကြာမီရက်သတ္တပတ်အတွင်း ထုတ်ပြန်ဖို့ရှိတဲ့ ICOE ရဲ့ အစီရင်ခံစာတင်သွင်းပြီးလျှင်လည်း နောက်ထပ် စစ်ခုံရုံးများရှိလာနိုင်ပါတယ်။

သဘာပတိကြီးရှင့်–

မြန်မာနိုင်ငံရဲ့ မျက်မှောက်ကာလနဲ့ အနာဂတ်အရေးအတွက် အရပ်ဘက်နဲ့ စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးစနစ်များဟာ အခြေခံဥပဒေနဲ့အညီ ဆောင်ရွက်သွားနိုင်ဖို့ အရေးကြီးပါတယ်။ စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးစနစ်တစ်ခုရှိနေတဲ့ နိုင်ငံတစ်နိုင်ငံမှာ အဲဒီတရားစီရင်ရေးစနစ်အပေါ် ပြင်ပစွက်ဖက် တရားစီရင်မှုက လွှမ်းမိုးမယ်ဆိုရင် ခန္ဓာကိုယ်အတွက် အလွန်အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုကို ဖြတ်တောက်လိုက်သလို ဖြစ်သွားပါမယ်။ စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးဆိုတာဟာ လက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်နှင့်အညီ ကိုယ့်ကိုကိုယ် ပြုပြင်ထိန်းသိမ်းနိုင်ရန်နဲ့ တာဝန်ဝတ္တရားများကို ပိုမိုကောင်းမွန်စွာ ထမ်းဆောင်နိုင်စေရန်အတွက် ကူညီပံ့ပိုးပေးနိုင်တဲ့ အင်္ဂါရပ်တစ်ခုဖြစ်ပါတယ်။

> "မြန်မာနိုင်ငံအနေဖြင့် မေတ္တာရပ်ခံလိုတာကတော့–
> – ဂမ်ဘီယာမှ ရုံးတော်သို့ တင်သွင်းထားသည့် အမှုကိစ္စအား ရုံးတော်စာရင်းမှ ပယ်ဖျက်ပေးပါရန် ၊
> – အခြားနည်းလမ်းတစ်ရပ်အနေနဲ့ ဂမ်ဘီယာမှ တောင်းဆိုသည့် ကြားဖြတ် စီမံဆောင်ရွက်ချက်များအား ပယ်ချပေးရန်ဖြစ်"

> "မိမိတို့အနေနဲ့ မတူကွဲပြားမှုများကြားမှ ညီညွတ်မှုတည်ဆောက်နိုင်ရေး၊ မိမိတို့ပြည်သူများရဲ့ အလားအလာကောင်းများ ဖွံ့ဖြိုးတိုးတက်နိုင်ရေးနဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာမှာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် အထောက်အကူပြုစေမယ့် ဆုံးဖြတ်ချက်မျိုးကို တရားသူကြီးများအနေနဲ့ တရားစီရင်ရေးဆိုင်ရာ ဉာဏ်ပညာအမြော်အမြင်ပြည့်ဝစွာနဲ့ ချမှတ်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်"

သဘာပတိကြီးနဲ့၊ တရားသူကြီးများရှင့်–

မနေ့က မိမိပြောကြားခဲ့သလိုပဲ အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးစနစ်ဟာ မိမိတို့ရဲ့ ဘုံတန်ဖိုးထားမှုများနဲ့ ပြည်သူအားလုံးရဲ့ အခွင့်အရေးများနဲ့ လုံခြုံမှုအတွက် အာမခံတဲ့ သဟဇာတရှိမှုနဲ့ ပြန်လည်သင့်မြတ်စေမှုများအတွက် ရှေ့ဆောင်အဖြစ် သတ်မှတ်ထားကြပါတယ်။ ဒါ့ကြောင့် အသိုက်အဝန်းများအကြား ပိုမိုသင့်မြတ်လာကြစေရန် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ မိမိတို့လက်တွေ့ဆောင်ရွက်နေတဲ့ ကိစ္စရပ်တစ်ခုကို ဥပမာပေးပြောကြားလိုပါတယ်။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလက တောင်အာဖရိကနိုင်ငံက အသွင်ကူးပြောင်းမှုတရားမျှတရေးဆိုင်ရာ ခေါင်းဆောင်တစ်ဦးဖြစ်သူ မစ္စတာရော့ဖ်မေရာကမကထပြုပြီး " In Transformation Initiative– ITI" အစီအစဉ်အောက်ကနေ ရခိုင်ပြည်နယ် အသွင်ကူးပြောင်းရေးစီမံကိန်းတစ်ရပ်ကို စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံကိန်းဟာ အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာသူများ၄င်းတို့ဆန္ဒအလျောက် အဆက်မပြတ် နေရပ်ပြန်လာစေရေးအတွက် လမ်းဖွင့်ပေးရန်နဲ့ သမိုင်းကြောင်းအရ ရှိနေခဲ့တဲ့ အကြမ်းဖက်မှုများ ထပ်မံမဖြစ်ပွားစေရန်အတွက် ကာကွယ်သွားရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ မစ္စတာမေရာရဲ့ စကားကို ကိုးကားပြောရမယ်ဆိုရင် "စီမံကိန်းစတင်ခဲ့ပြီး ၉ လအကြာ တပ်မတော်နဲ့ AA လက်နက်ကိုင်အဖွဲ့တို့အကြား တိုက်ပွဲများ ပိုမိုပြင်းထန်လာသည့်ကြားက မောင်တောမှာ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေဟာ လုံလောက်တဲ့အရှိန်အဟုန်ရှိလာနေပြီး ရေရှည်ဆောင်ရွက်သွားနိုင်မယ့်အနေအထားရှိနေပါပြီ" လို့ ပြောကြားခဲ့ပါတယ်။

သဘာပတိကြီးရှင့်–

ဂမ်ဘီယာနိုင်ငံမှ ကိုယ်စားလှယ်၏ အဖွင့်မိန့်ခွန်း အပိုဒ်(၁၈)မှာ ဘောလုံးနဲ့ ပတ်သက်တဲ့အကြောင်းအရာများ ထည့်သွင်းပြောကြားသွားတာကို သတိရတဲ့အတွက် မောင်တောမြို့နယ်၊ မြို့မအားကစားကွင်းမှာ ITI က ဦးစီးကျင်းပခဲ့တဲ့ ဘောလုံးပြိုင်ပွဲရဲ့ ဓာတ်ပုံလေးတစ်ပုံကို ပြသချင်ပါတယ်။

ဒီပြိုင်ပွဲမှာ ပါဝင်ဆင်နွှဲခဲ့ကြတဲ့ ကစားသမားများနဲ့ လာရောက်ကြည့်ရှုအားပေးကြသူတွေဟာ ရခိုင်ပြည်နယ်မှာ ၂၀၁၆–၂၀၁၇ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းပဋိပက္ခဒဏ် ကြုံတွေ့ခဲ့ရတဲ့ မောင်တောမြို့နယ်မှာရှိတဲ့ အသိုက်အဝန်းအသီးသီးကပဲဖြစ်ပါတယ်။ လူကြီး၊ လူငယ်အားလုံးဟာ ဂုဏ်ယူ၊ စိတ်အား ထက်သန်စွာနဲ့ ပြုံးရွှင်ရယ်မောနေကြပါတယ်။ ပိုအရေးကြီးတဲ့အချက်ကတော့ အားလုံးအတူတကွ ရှိနေကြတာပဲဖြစ်ပါတယ်။ ဒါဟာ မိမိတို့အနေနဲ့ ရခိုင်ပြည်နယ်မှာ လေ့ကျင့်ပျိုးထောင်ကြိုးပမ်းနေတဲ့အရာဖြစ်တဲ့အပြင် မတူကွဲပြားမှုတွေ၊ အလားအလာကောင်းတွေနဲ့ စိန်ခေါ်မှုတွေရှိနေသေးတဲ့ မိမိတို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာလည်း အလားတူ ကြိုးပမ်းဆောင်ရွက်နေတဲ့ အချက်တစ်ခုလည်း ဖြစ်ပါတယ်။

သဘာပတိကြီးနဲ့ တရားသူကြီးမင်းရှင့်–

မိမိတို့အနေနဲ့ မတူကွဲပြားမှုများကြားမှ ညီညွတ်မှုတည်ဆောက်နိုင်ရေး၊ မိမိတို့ပြည်သူများရဲ့ အလားအလာကောင်းများ ဖွံ့ဖြိုးတိုးတက်နိုင်ရေးနဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာမှာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် အထောက်အကူပြုစေမယ့် ဆုံးဖြတ်ချက်မျိုးကို တရားသူကြီးများအနေနဲ့ တရားစီရင်ရေးဆိုင်ရာ ဉာဏ်ပညာအမြော်အမြင်ပြည့်ဝစွာနဲ့ ချမှတ်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ယုံကြည်မှုတည်ဆောက်ရရှိပြီးစ ထိလွယ်ရှလွယ်အနေအထားရှိနေသေးတဲ့ အသိုက်အဝန်းများအကြားမှာ သံသယစိတ်တိုးပွားစေပြီး မယုံကြည်မှုဖြစ်ပေါ်စေကာ၊ မကျေနပ်မှုများဖန်တီးမည့် ဆောင်ရွက်ချက်များဟာ မိမိတို့ရဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးကို အားလျော့ချည့်နဲ့စေမှာ ဖြစ်ပါတယ်။

အခုဆိုရင် AA လက်နက်ကိုင်အဖွဲ့နဲ့ မြန်မာ့တပ်မတော်တို့အကြား ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးဟာ မိမိတို့နိုင်ငံအတွက် အရေးအကြီးဆုံးကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ဒါပေမယ့် ၂၀၁၆–၂၀၁၇ ခုနှစ်က ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခလိုမျိုး ထပ်မံမဖြစ်ပွားစေရေးဟာလည်း အလားတူအရေးကြီးလှပါတယ်။

သဘာပတိကြီးနှင့် တရားသူကြီးများရှင့်–

မြန်မာနိုင်ငံရဲ့ နောက်ဆုံးလျှောက်လဲချက်များကို တင်ပြရင်းနဲ့ နိဂုံးချုပ်ပါ့မယ်။

ရုံးတော်ရဲ့ ဥပဒေပုဒ်မ (၆၀) စာပိုဒ် (၂) အရလည်းကောင်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်မှ (၁၂) အတွင်း တင်သွင်းခဲ့တဲ့ အကြောင်းပြချက်များအရလည်းကောင်း၊ ရုံးတော်အနေဖြင့် သင့်တော်လျော်ကန်မည်ဟု ယူဆသည့် အခြားအချက်အလက်များအပေါ် အခြေခံ၍လည်းကောင်း ရုံးတော်အား မြန်မာနိုင်ငံအနေဖြင့် မေတ္တာရပ်ခံလိုတာကတော့–

- ဂမ်ဘီယာမှ ရုံးတော်သို့တင်သွင်းထားသည့် အမှုကိစ္စအား ရုံးတော်စာရင်းမှ ပယ်ဖျက်ပေးပါရန် ၊
- အခြားနည်းလမ်းတစ်ရပ်အနေနဲ့ ဂမ်ဘီယာမှ တောင်းဆိုသည့် ကြားဖြတ်စီမံဆောင်ရွက်ချက်များအား ပယ်ချပေးရန်ဖြစ်ပါတယ်။

သဘာပတိကြီးနှင့် တရားသူကြီးများရှင့်–

မြန်မာနိုင်ငံရဲ့ သဘောထားတင်ပြချက်ကို ဒီမှာပဲ နိဂုံးချုပ်ပါတယ်။ ရုံးတော်အနေနဲ့လည်းကောင်း၊ ရုံးတော်ရဲ့ Registry ဝန်ထမ်းများအနေနဲ့လည်းကောင်း မိမိတို့ ကိုယ်စားလှယ်အဖွဲ့အား ပံ့ပိုးကူညီပေးမှုများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထောက်ခံပွဲ မလှိုင်မြို့၌ ပြုလုပ်

မလှိုင် ဒီဇင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ရပ်တည်ကြောင်း လူထုထောက်ခံပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက မလှိုင်မြို့နယ် အားကစားကွင်း၌ စုရပ်အဖြစ် စတင်ပြုလုပ်ခဲ့ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ရပ်တည်ကြောင်း လူထုထောက်ခံပွဲကို စုရပ် မြို့နယ်အားကစားကွင်းမှ မြင်းခြံ–မိတ္ထီလာကားလမ်းအတိုင်း မလှိုင်မြို့ လမ်းဆုံမီးပွိုင့်မှ ထီးဆောင်းကြီးဘုရားအနောက်ဘက် ကွင်းပြင်အထိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ရပ်တည်ကြောင်း ဗီနိုင်း/ပိုစတာများ ကိုင်ဆောင်ကာ နိုင်ငံတော်သီချင်း သီဆို၍ လှည့်လည်ခဲ့ကြသည်။

မလှိုင်မြို့ ထီးဆောင်းကြီးဘုရားအနောက်ဘက်ကွင်းပြင်ရောက်ရှိချိန်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှထွန်းအောင်က အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)သို့ သွားရောက်ဖြေရှင်းခဲ့သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံသည့်အဆိုကို မြန်မာဘာသာဖြင့် လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်ပွင့်ပွင့်က အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း ပြောကြားခဲ့ပြီး ပြည်သူလူထုက "We Stand With Daw Aung San Suu Kyi " ဟု သံပြိုင်ကြွေးကြော်ခဲ့ကြသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ရပ်တည်ကြောင်း လူထုထောက်ခံပွဲသို့ အင်အား ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဘိုဘို(မလှိုင်)

❊ *ကျောဖုံးမှ*

အား/ကာသိပွဲ C အသင်းက ဆဌမ၊ ရန်ကုန်အသင်းက သတ္တမနှင့် Black Tiger အသင်းက အဌမအဆင့် အသီးသီးရရှိကြရာ အား/ကာသိပွဲကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြတ်သူနှင့် တာဝန်ရှိသူတို့က တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ရေးကြသမိုင်း စဥ်မရိုင်းဖို့

❖ မြန်မာဟေ့ ... မြန်မာ
မြန်မာဟေ့ ... မြန်မာ
မြန်မာ ... မြန်မာ တို့ပြည်သာကို
'မြန်မာ'တိုင်းက ချစ်ကြသည်။

❖ အမိမြန်မာ တို့ပြည်ရွာကို
မြန်မာတိုင်းက ချစ်ခဲ့ကြ၍
ညီမျှစိတ်ထား မကွဲပြားဘဲ
ဘိုးဘွားဘီဘင် ရှေးအစဥ်မှ
ချစ်ခင်ပေါင်းစု သွန်းဆစ်ထုကာ
ပြည်ထောင်စုကို တည်ခဲ့သည်။

❖ တို့ပြည်ထောင်စု ညီနောင်ထုသည်
ပေါင်းစုလက်တွဲ ခိုင်ခိုင်မြဲကာ
အားခဲတွန်းလှန် နယ်ချဲ့ရန်နှင့်
တစ်ဖန်သွေးထိုး အမှောင့်ဆိုးတို့
အမျိုးချစ်စိတ် ပြည်ချစ်စိတ်ဖြင့်
ချိုးနှိမ်တွန်းလှန် ဇာတိမာန်ဖြင့်
ပြည်ပရန်ကို လှန်ခဲ့သည်။

❖ ဩော် ...
ခေတ်စနစ်ဟောင်း ဘယ်သို့နှောင်းလည်း
မပြောင်းမလဲ တို့ရင်ထဲတွင်
စွဲမြဲသဏ္ဍာန် ဇာတိမာန်ဖြင့် ....
မျိုးမာန်ပုည ဂုဏ်မာနနှင့် ....
မြန်မာတို့သွေး နီစွေးစွေးဖြင့် ....
ရေးကြသမိုင်း စဥ်မရိုင်းဖို့
တို့တိုင်းတို့ပြည် တို့ရဲ့မြေကို
တို့တွေကာကွယ် ကြရမည်။
မျိုးနွယ်မြန်မာ ထိန်းကြမည်။ ။

မင်းသန်းနိုင် (မုဒုံ)

(၇)ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍ ဝန်ကြီးများအဆင့်အစည်းအဝေး ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်ဆွေးနွေး

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း (၇)ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍ ဝန်ကြီးများအဆင့် အစည်းအဝေးတက်ရောက်ကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၃

(၇)ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍ ဝန်ကြီးများအဆင့် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော (၆)ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး သဘာပတိအဖြစ် မိန့်ခွန်းပြောကြားပြီး အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ထိုင်းနိုင်ငံသို့ သဘာပတိတာဝန်ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အစည်းအဝေး သဘာပတိ ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီး Mr. Suriya Jungrungreangkit က အဖွင့်မိန့်ခွန်းပြောကြားပြီး အာဆီယံနိုင်ငံများအတွင်း ဓာတ်သတ္တုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံသတ္တုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် ၂၀၁၆ - ၂၀၂၀ ဆောင်ရွက်နေမှုရလဒ်များ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များအပေါ် ဆွေးနွေးခဲ့သည့် ရလဒ်များကို အာဆီယံအတွင်းရေးမှူးက စုစည်းတင်ပြပြီး ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များကို အတည်ပြုဆုံးဖြတ်ကြသည်။

ယင်းနောက် အာဆီယံသတ္တုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ၂၀၂၁ - ၂၀၂၅ ရေးဆွဲချမှတ်နိုင်ရေးအတွက် သက်ဆိုင်ရာ အာဆီယံနိုင်ငံများ၏ သတ္တုမူဝါဒများကို အဖွဲ့ဝင်တစ်နိုင်ငံချင်းအလိုက် ဆွေးနွေးပြောကြားကြပြီး အာဆီယံနိုင်ငံများ၏ မူဝါဒများနှင့် ထင်ဟပ်မည့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို ရေးဆွဲသွားရန် ဆုံးဖြတ်ခြင်း၊ အာဆီယံသတ္တုကဏ္ဍဆိုင်ရာ ရန်ပုံငွေသို့ အဖွဲ့ဝင်နိုင်ငံများမှ ထည့်သွင်းမှုနှင့် နှစ်စဉ်ထည့်ဝင်ငွေ၏ ၂၀ ရာခိုင်နှုန်းထက် မပိုသော ငွေကိုသာ ပြန်လည်ထုတ်ယူသုံးစွဲသွားရန် ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာနိုင်ငံ၏ သတ္တုကဏ္ဍနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသည် ပြည်သူဗဟိုပြုမူဝါဒကို ကျင့်သုံးလျက်ရှိပြီး အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန် မြန်မာသတ္တုတွင်းဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် မြန်မာ့သတ္တုတွင်းနည်းဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကမ္ဘာ့နိုင်ငံများ၏ စံချိန်စံညွှန်းများနှင့်အညီဖြစ်အောင်ပြင်ဆင်ခြင်းနှင့် အသစ်ရေးဆွဲခြင်းတို့ကို အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုများကို အလေးထားဆောင်ရွက်ရန် လိုအပ်သဖြင့် မြန်မာနိုင်ငံ၏ ဒုတိယသမ္မတ ဦးဆောင်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များအတွက် အရေးပါသော ဆုံးဖြတ်ချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ညပိုင်းတွင် အိမ်ရှင်ထိုင်းနိုင်ငံမှ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲနှင့် အာဆီယံသတ္တုကဏ္ဍဆိုင်ရာ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Timur Maksimon ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၃

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Timur Maksimon ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာနှင့် နှစ်နိုင်ငံ ပြည်သူများအကြား ဆက်ဆံမှုတိုးမြှင့်ရေး၊ ပညာရေးကဏ္ဍ၊ စွမ်းအင်နှင့် စက်မှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များကို လည်းကောင်း၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းကဏ္ဍ၊ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ခရီးသွားလာရေးကဏ္ဍများတွင် ရုရှားနိုင်ငံမှ တိုးချဲ့ရင်းနှီးမြှုပ်နှံနိုင်ရေး ကိစ္စရပ်များနှင့် နှစ်ဖက်အကျိုးတူပူးပေါင်းရေး ကိစ္စရပ်များအား လည်းကောင်း ရှင်းလင်းပြောကြားသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက တတိယအကြိမ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင် အစည်းအဝေးကျင်းပရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးနိုင်ရန်နှင့် နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းရှင်များ ချိတ်ဆက်မိစေရေး၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်ရေး၊ နှစ်နိုင်ငံအကြား သဘောတူညီထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေး၊ ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်မည့် အလားအလာရှိသော စီမံကိန်းများ၊ ရုရှားကုမ္ပဏီကြီးများမှ မြန်မာနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်ရေးနှင့် နှစ်နိုင်ငံအကြား လေကြောင်းတိုက်ရိုက် ပျံသန်းနိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Timur Maksimon တို့က ဦးဆောင်ပြီး တတိယအကြိမ် ရုရှား - မြန်မာ အစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေး၏ အကြိုညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ နှစ်နိုင်ငံအစိုးရ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက နှစ်နိုင်ငံ လက်ရှိကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် ခြုံငုံသုံးသပ်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အလားအလာများနှင့် တတိယအကြိမ် ကော်မရှင်အစည်းအဝေး ကျင်းပရေးကိစ္စရပ်များအား နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ရုရှားစီးပွားရေး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများကိုလည်း ဆက်လက်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကျင်းပ

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်နည်းဥပဒေ၊ နည်းဥပဒေခွဲများအတိုင်း အတည်ပြု

ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်

နေပြည်တော်ကောင်စီဝင် ဦးညီထွန်း

တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်

ဒုတိယဝန်ကြီး ဦးလှကျော်

နေပြည်တော် ဒီဇင်ဘာ ၁၃

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရေစီးရေလာကောင်းမွန်ရေးအတွက် စီမံချက်ရေးဆွဲ၍ ဘဏ္ဍာငွေလျာထားသတ်မှတ်ပေးပြီး လမ်းမကြီး ၁၀ လမ်းကို အုတ်ပတ်ကားရေမြောင်းများ သို့မဟုတ် ပရီကတ်ရေမြောင်းများ အမြန်ဆုံးပြုလုပ်ပေး၍ ဆက်စပ်လျက်ရှိသော သိမ်ကျောင်းချောင်း၊ ဘဲတန်းချောင်း၊ ကွေ့မချောင်း၊ မမကြီးရိုးချောင်းနှင့် ရေဝဏ်ဆက်စပ်မြောင်းများကို ရှင်းလင်းပေးပါရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရေစီးရေလာကောင်းမွန်ရေးအတွက် စီမံချက်ရေးဆွဲ၍ ဘဏ္ဍာငွေလျာထားသတ်မှတ်ပေးပြီး လမ်းမကြီး ၁၀ လမ်းကို အုတ်ပတ်ကားရေမြောင်းများ သို့မဟုတ် ပရီကတ်ရေမြောင်းများ အမြန်ဆုံး ပြုလုပ်ပေးရန်အတွက် လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လမ်းမကြီး ၁၀ လမ်းနှင့် ဆက်စပ်လျက်ရှိသော သိမ်ကျောင်းချောင်း၊ ဘဲတန်းချောင်း၊ ကွေ့မချောင်း၊ မမကြီးရိုးချောင်းနှင့် ရေဝဏ်ဆက်စပ်မြောင်းများကို စီမံချက်ရေးဆွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ နစ်နာသူမြေပိုင်ရှင်က အချင်းဖြစ်မြေပေါ်တွင် ဆောက်လုပ်နေထိုင်သူများအား ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရန်ဖြစ်

တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **တွံတေးမြို့နယ်၊ ပျော်ဘွယ်လေးကျေးရွာနေ ဒေါ်ကျင်သိန်းက သူ၏ သိမ်းဆည်းခံမြေ ပြန်လည်ပေးအပ်ရေးကိစ္စတွင် အခက်အခဲအတားအဆီး အနှောင့်အယှက်များ ပေါ်ပေါက်နေမှုနှင့် စပ်လျဉ်း၍ သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က နစ်နာသူတင်ပြသည့် လယ်မြေသည် ၂၀၁၂ ခုနှစ် မတိုင်မီ လယ်ယာမြေ အခြားနည်းအသုံးပြုခြင်းပုံစံ(၇)ထွက်ရှိထားခြင်းမရှိသည့်အတွက် ဥပဒေကြောင်းအရ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် တရားစွဲဆိုဆောင်ရွက်ရန် မဖြစ်သည့်အတွက် အဆိုပါအခြေအနေကို အဆင့်ဆင့်ပြန်လည်တင်ပြမှုအရ ၂၀၁၉ ခုနှစ် ဇွန် ၂၇ ရက်တွင် ကျင်းပသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ နစ်နာသူမြေပိုင်ရှင်က အချင်းဖြစ်မြေပေါ်တွင် ဆောက်လုပ်နေထိုင်သူများအား ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရန်ဖြစ်ကြောင်းကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှလည်း ၂၀၁၉ ခုနှစ် ဩဂုတ် ၉ ရက်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကာယကံရှင်များကို ရှင်းလင်းပြောကြားခဲ့ပါကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြေကြားချက်ကိုယ်စား ဖြေကြားအပ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်၏ **တန့်ယန်းမြို့နယ်၊ မန်ကတ်ကျေးရွာအုပ်စု၊ မန်ကောင်းကျေးရွာအနီးရှိ နမ့်မိုက်ဆည်ကို RC ကွန်ကရစ်ဖြင့် အပြီးသတ်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က အခိုင်အမာရေလွှဲဆည်အဖြစ် တည်ဆောက်ပေးနိုင်ရန်အတွက် လိုအပ်သည့်ကွင်းဆင်းစူးစမ်းတိုင်းတာမှုလုပ်ငန်းများကို စီမံဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည့် ဧရိယာသည် နယ်မြေလုံခြုံရေးထိန်းသိမ်းဆောင်ရွက်နေရသည့် ဒေသဖြစ်သည့်အတွက် လတ်တလောအားဖြင့် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေမရှိသေးပါကြောင်း၊ နယ်မြေလုံခြုံရေးအခြေအနေ ကောင်းမွန်လာပါက ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ပြီး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **မကွေးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ရန်ကင်းရပ် မြို့ပတ်လမ်းတွင် တည်ရှိခဲ့သော ရေထိန်းကန်(ရွှေလက်ပံ)ရေကန် ပြန်လည်တူးဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက လည်းကောင်း၊ အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဦးလမာနော်အောင်၏ **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးစနစ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသော တောင်ပေါ်နေ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်စေနိုင်မည့် အမျိုးသားအဆင့် စီမံကိန်းများ ရေးဆွဲထားခြင်း ရှိ၊ မရှိ သိလိုခြင်း** မေးခွန်း၊ ကျိုက်လတ် မဲဆန္ဒနယ်မှ ဦးရန်လင်း၏ **မြန်မာနိုင်ငံ မွေးမြူရေးလုပ်ကိုင်သူများအတွက် မျိုးကောင်းမျိုးသန့်ဝက်သားပေါက်၊ ကြက်သားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးမှုကို နိုင်ငံပိုင်ခြံများမှ ဆောင်ရွက်ပေးခြင်းရှိ၊ မရှိ နှင့်ယခုအခါ ကြက်၊ ဝက်သားပေါက်များ ထုတ်လုပ်မှု၊ မျိုးသန့်စင်မှုနှင့် ရောဂါကင်းစင်မှုတို့ကို မည်သို့ဆောင်ရွက်နေကြောင်း သိလိုခြင်း** မေးခွန်းနှင့် ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို၏ **ပခုက္ကူမြို့နယ်၊ ချောက်ကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၃၄၄)၊ မကျီးသမျှားတောင်၊ ဦးပိုင်တောင်သူ ၁၅ ဦး၏ မြေဧရိယာ ၃၈ ဒသမ ၆၄ အား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မူလတောင်သူများအား ပြန်လည်စွန့်လွှတ်၍ ယာယီစိုက်ပျိုးလုပ်ကိုင်ခွင့် ပုံစံ(၃) ထုတ်ပေးနိုင်ရေးဆောင်ရွက်နေစဉ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးမူဝါဒအတိုင်း နစ်နာသော မူလတောင်သူများအား တရားသဖြင့် ပြန်လည်စွန့်လွှတ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က လည်းကောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက တင်သွင်းသည့် **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများနှင့်** စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအေးက ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့် ပြင်ဆင်ချက် တစ်ချက်ကို တင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ သဘောထားရယူပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ** တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်နည်းဥပဒေ၊ နည်းဥပဒေခွဲများအတိုင်း အတည်ပြုရန်အတွက် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်းက ဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီဝင် ဦးခင်မောင်လတ်က လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ယင်းနှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ သဘောတူလက်ခံရန် ကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်အောင်က အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဒီးမော့ဆို မဲဆန္ဒနယ်မှ ဦးပေါလ်ဆိုင်း၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ ဆောမဲဆန္ဒနယ်မှ ဦးကျော်တင်နှင့် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်တို့က ဆွေးနွေးကြသည်။

လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ပိုင်ခွင့်များကို တိုးမြှင့်ပေးသင့်

ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက လွှတ်တော်ကို ကိုယ်စားပြုသတ်မှတ်ထားသည့် ကော်မတီတစ်ရပ်အနေဖြင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ပိုင်ခွင့်များကို တိုးမြှင့်ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်မောင်သောင်းက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ယင်းနှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ သဘောတူလက်ခံရန် ကော်မတီဥက္ကဋ္ဌက အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ နှစ်ပတ်လည်အစီရင်စာနှင့်စပ်လျဉ်း၍ သဘောတူလက်ခံရန် ကော်မတီဝင် ဦးသိန်းတန်က အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

အေးအေးသန့်(သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဂွမြို့နယ် ကွင်းလျားရှည်ကျေးရွာအနီး ရေလှောင်တမံတည်ဆောက်မှု ကြည့်ရှုစစ်ဆေး

ဂွ ဒီဇင်ဘာ ၁၃

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ဂွမြို့နယ် ကွင်းလျားရှည်ကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ကွင်းလျားရှည်ရေလှောင်တမံ တည်ဆောက်နေမှု အခြေအနေကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရေလှောင်တမံတည်ဆောက်သည့်နေရာ၌ ပြည်နယ်ဝန်ကြီးချုပ်အား တည်ဆောက်ရေးတာဝန်ခံက လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံများ၏ အကြံပြုချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါရေလှောင်တမံသည် ဂွမြို့ ကွင်းလျားရှည်ကျေးရွာအနီးတည်ရှိပြီး မြေသားရေလှောင်တမံအမျိုးအစားဖြစ်ကာ တမံအလျား ၂၃၅ ပေ၊ တမံထိပ်အကျယ် ပေ ၂၀၊ တမံအမြင့် ပေ ၅၀ ရှိပြီး ငွေကျပ်သန်း ၅၅၀ ခန့် ကုန်ကျမည်ဖြစ်ကာ သံတွဲမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိသည်။

ရေလှောင်တမံတည်ဆောက်မည့်ဒေသတွင် နှစ်စဉ်မိုးရေချိန်လက်မ ၂၀၀ ခန့် ရွာသွန်းသောကြောင့် နှစ်စဉ် ပျမ်းမျှရေဂါလန် ၅၇၅ သန်းခန့် စီးဝင်မည်ဖြစ်ပြီး ကွင်းလျားရှည်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာတို့မှ ဒေသခံများအတွက် သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **မော်စီ၊ ကိုမင်း**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကျင်းပ

ကျေးလက်ကျန်းမာရေးဌာနများ၌ မြွေကိုက်လူနာကုသရန် စမ်းသပ်စစ်ဆေးခြင်းလမ်းညွှန်ကို ရက်ပိုင်းအတွင်း ထုတ်ဝေမည်

နေပြည်တော် ဒီဇင်ဘာ ၁၃

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **နတ်မတောင် အမျိုးသားဥယျာဉ် ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် မင်းတပ်မြို့နယ်နှင့် မတူပီမြို့နယ်အပိုင်းကိုလည်း အထူးကြပ်မတ်ကာကွယ်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ဥယျာဉ်ဧရိယာ တစ်ခုလုံးအတွက် ကင်းလှည့်ထိန်းသိမ်းခြင်း၊ လူထုပညာပေးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများအား စောင့်ကြည့်မှတ်တမ်းတင်ခြင်း စသည့်လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အရာထမ်း သုံးဦး၊ အမှုထမ်း ၉၇ ဦး စုစုပေါင်းအင်အား ၁၀၀ ဖြင့် အဆိုပြုဝန်ထမ်းအင်အား ဖွဲ့စည်းပုံကိုလည်း တင်ပြထားပြီးဖြစ်ပါကြောင်း၊ နတ်မတောင် အမျိုးသား ဥယျာဉ်ထိန်းသိမ်းရေးနယ်မြေများသည် ကန်ပက်လက်၊ မင်းတပ်၊ မတူပီမြို့နယ်များအတွင်း တည်ရှိနေပြီး နယ်မြေဧရိယာကျယ်ပြန့်သည့်အပြင် ဆက်သွယ်သွားလာရန် ခက်ခဲသည့် မတူပီမြို့နယ်အတွင်း ဝန်ထမ်းအင်အားလုံလောက်မှု မရှိသည့်အတွက် ဝန်ထမ်းများ တိုးမြှင့်ခန့်ထားရန် လိုအပ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် အဆိုပြုတင်ပြထားသည့် ဝန်ထမ်းအင်အား ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိပြီး ဝန်ထမ်းများခန့်ထားပြီးပါက မင်းတပ်နှင့် မတူပီမြို့နယ်အပိုင်းများတွင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများနှင့် ဒေသခံများကို အသိပညာပေးခြင်းလုပ်ငန်းများကို ပိုမိုဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ်၏ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ဝင်ရောက်၍ နိုင်ငံ့ဝန်ထမ်းဆရာဝန်များအဖြစ် တာဝန်ထမ်းဆောင်လိုသော ဆရာဝန်များအား အလုပ်ခန့်ခြင်း (appointment) ဦးစွာပေးပြီးမှ ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် တက်ရောက်စေရန် စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ၂၀၁၄ ခုနှစ်မှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လိုအပ်သည့် လက်ထောက်ဆရာဝန်များကို အမြန်ဆုံးခန့်ထားနိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းသဘောတူညီမှုရယူပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် ယခင်က ၁၄ ပတ်သင်တန်းတက်ရပါကြောင်း၊ ယင်းသို့ ၁၄ ပတ်သင်တန်း တက်ရခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ဆရာဝန်လိုအပ်သည့်အတွက် ရှစ်ပတ်တက်ရောက်ရန် ခွင့်ပြုခဲ့ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့်ကိစ္စနှင့် ပတ်သက်၍ မိမိအနေဖြင့် ဆုံးဖြတ်၍ မရပါကြောင်း၊ အထက်သို့တင်ပြ၍ လုပ်ဆောင်မည်မှာ ပြန်တမ်းဝင်အရာရှိဝင်ပေါက်ရာထူး အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်၍ စတင်ရွေးချယ်လိုက်သည်နှင့် တစ်ပြိုင်နက် အလုပ်ခန့်ထားပေးပြီး လစာပေး၍ ဗဟိုဝန်ထမ်းတက္ကသိုလ်ရှိ ရှစ်ပတ်သင်တန်းသို့ တက်ရောက်စေမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မြွေဆိပ်ဖြေဆေး ပြတ်လပ်မှုမရှိစေရေး ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြွေဟောက် မြွေဆိပ်ဖြေဆေးပေါင်း ၂၂၁၀၇ လုံးနှင့် မြွေပွေး မြွေဆိပ်ဖြေဆေးပေါင်း ၁၇၇၄၂၀ ကို ဖြန့်ဝေထား

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးဝင်းမြင့်၏ **ကျေးလက်လယ်ယာမြေလုပ်ငန်းခွင်တွင် ကြုံတွေ့ရလေ့ရှိသော မြွေဆိုးအကိုက်ခံရမှုကြောင့် အသက်ဆုံးရှုံးနိုင်မှုကို ကာကွယ်နိုင်သည့် မြွေဆိပ်ဖြေဆေးကို အချိန်စောနိုင်သမျှ စောစောထိုးနှံကုသမှု ရရှိနိုင်ရေးအတွက် စီမံထားရှိမှုကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြွေဆိပ်ဖြေဆေး ပြတ်လပ်မှုမရှိစေရေးအတွက် ၂၀၁၈ – ၂၀၁၉ဘဏ္ဍာရေးနှစ်တွင် မြွေဟောက် မြွေဆိပ်ဖြေဆေးပေါင်း ၂၂၁၀၇ လုံးနှင့် မြွေပွေး မြွေဆိပ်ဖြေဆေးပေါင်း ၁၇၇၄၂၀ ကို ဖြန့်ဝေထားပါကြောင်း၊ ထို့ပြင် ကျေးလက်ကျန်းမာရေးဌာနများ၌ မြွေကိုက်လူနာကုသရန် စမ်းသပ်စစ်ဆေးခြင်းလမ်းညွှန်ကို ရက်ပိုင်းအတွင်း ထုတ်ဝေမည်ဖြစ်ပါကြောင်း၊ ယင်းလမ်းညွှန်ကို ကျေးလက်ကျန်းမာရေးဌာနနှင့် ဖြစ်နိုင်ပါက ဌာနခွဲအထိ အားလုံးဖြန့်ဝေရန် အစီအစဉ်ရှိပါကြောင်း၊ ထိုသို့လုပ်ဆောင်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ်

ပါက မြွေကိုက်ခံရသည့် လူနာအနေဖြင့် သေဆုံးရန်အလားအလာ နည်းပါးသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့်အတိုင်း မြွေဆိပ်ဖြေဆေး စောစီးစွာရရှိရန်အတွက် မြွေပွေး မြွေဆိပ်ဖြေဆေးကို ကျေးလက်ကျန်းမာရေးဌာနတစ်ခုကို ၁၆ လုံး ၊ မြွေဟောက်မြွေဆိပ်ဖြေဆေးကို လေးလုံးပေးမည် ဖြစ်ပါကြောင်း၊ မြွေအကိုက်များသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင်ရှိသည့် ကျေးလက်ဌာနခွဲဌာနပေါင်း ၁၀၂၁ ခုကို ဖြန့်ဝေသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **နေပြည်တော်တွင် ကျင်းပနေသော အားကစားပြိုင်ပွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အလှည့်ကျ ကျင်းပပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ၂၀၁၉ ခုနှစ် မေ ၂၂ ရက် မှ ၃၁ ရက်အထိ ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ပြုလုပ်ခဲ့ပါကြောင်း၊ လားရှိုးမြို့တွင်လည်း ၂၀၁၉ ခုနှစ် ဇူလိုင် ၂၃ ရက်မှ ၂၉ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် (အမျိုးသား/အမျိုးသမီး) ဘတ်စကက်ဘောပြိုင်ပွဲများ ပြုလုပ်ခဲ့ပါကြောင်း၊ ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် မန္တလေးမြို့၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝူရှူးပြိုင်ပွဲများကို ပြုလုပ်ရန်ရှိပါကြောင်း၊ ရန်ကုန်မြို့တွင်လည်း အောင်ဆန်းကွင်းအတွင်း အားကစားပြိုင်ပွဲများ ပြုလုပ်နိုင်ရန်အတွက် ဆွေးနွေးနေပါကြောင်း၊ ရန်ကုန်တွင် အားကစားပြိုင်ပွဲများ ပြုလုပ်ပါက ပွဲကြည့်ပရိသတ် များပြားခြင်းကြောင့် အားကစားအတွက် ကောင်းမွန်ပါကြောင်း ဖြေကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကိုကိုနိုင်၏ **နိုင်ငံသူ/ နိုင်ငံသားများအားလုံး သွေးသွင်းဆေးကုသမှုခံယူရာတွင် အရည်အသွေးပြည့်မီ သန့်စင်သောသွေးများ ရရှိနိုင်ရေးအတွက် ရန်ကုန်မြို့ အမျိုးသားသွေးဌာနကဲ့သို့ တခြားမြို့ကြီးများတွင် သွေးဌာနများကို နှစ်စဉ်စီမံချက်ချ တိုးချဲ့တည်ထောင်သွားရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင် က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ပြင်ဆင်ချက်ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ **ကချင်ပြည်နယ်သာမက တခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့တိုင် ဧကများစွာ ဆက်လက်စိုက်ပျိုးလျက်ရှိသော တရုတ်တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စည်းကမ်းတကျ ထိန်းသိမ်းကွပ်ကဲနိုင်စေရန်၊ ရေရှည်တွင် ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုးများအား ကြိုတင်တားမြစ်နိုင်ရန်နှင့် ရသင့်သောအခွန်ဘဏ္ဍာများ ရရှိနိုင်ရန်အလို့ငှာ သက်ဆိုင်သည့်ဌာနအသီးသီးတို့မှ ဟန်ချက်ညီညီ ပါဝင်လုပ်ဆောင်နိုင်မည့် ထိရောက်သည့် မူဝါဒလမ်းညွှန်မှု စီမံချက်တစ်ရပ်ရပ်ကို ချမှတ်၍ အဓိကကျသည့် ဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာခင်မကြီး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဆန်းမြင့်နှင့် ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်တို့က ဆွေးနွေးကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီး က မိမိတို့ မြန်မာနိုင်ငံတွင် သစ်တောများ ပြုန်းတီးလာမှုကြောင့် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းနှင့် ရာသီဥတု ပူလွန်းအေးလွန်းခြင်းများ ကြုံတွေ့နေကြရပြီကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ မိမိတို့၏ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ် စသည့်သစ်တောများရှိသည့် နေရာများတွင် စည်းကမ်းမဲ့ အထိန်းအကွပ်မဲ့စွာဖြင့် အလျင်အမြန် တိုးပွားလာနေသည့် တစ်သျှူးငှက်ပျောစိုက်ခင်းများကို အချိန်မီမတားမြစ် အရေးမယူနိုင်ပါက သဘာဝဘေးအန္တရာယ်များ ပိုမိုဆိုးရွားလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အဆိုတွင်ပါရှိသကဲ့သို့ တရုတ်စာဖြင့် ရေးသားထားသည့် ဆိုင်းဘုတ်များဖြင့် စိုက်ပျိုးနေသည့် တစ်သျှူးငှက်ပျောစိုက်ခင်းများသည် သာမန်အရပ်သားတို့၏ မြေယာများတွင်သာမက အစိုးရကြိုးဝိုင်းသစ်တောမြေအထိပါ ချဲ့ထွင်စိုက်ပျိုးထားကြသည့်အတွက် သက်ဆိုင်ရာဌာနမှ အရေးယူဖြေရှင်းခြင်းများကိုလည်း ပြုလုပ်နေရပြီဖြစ်သည့်အတွက် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

တစ်သျှူးငှက်ပျောစိုက်ပျိုးသူတောင်သူများ မနစ်နာစေရန် တာဝန်ရှိသူများက ဈေးကွက်အသစ်များ ကြိုတင်ရှာဖွေထားခြင်း၊ ဥပဒေများနှင့်အညီ ထိန်းချုပ်ထားခြင်းတို့ ပြုလုပ်သင့်

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဆန်းမြင့်က တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်းလုပ်ငန်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ၊ သစ်တောဥပဒေ၊ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဥပဒေ၊ ပိုးသတ်ဆေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)တို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာမှုမရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း၊ ယင်းသို့ စည်းကမ်းမဲ့စွာ တရုတ်တစ်သျှူးငှက်ပျောစိုက်ပျိုးထုတ်လုပ်နေခြင်းများကြောင့် နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများမရရှိဘဲ ဘေးထွက်ဆိုးကျိုးသာ များနေပါကြောင်း၊ ယင်းသို့ ဘေးထွက်ဆိုးကျိုး များနေခြင်းကြောင့်သော်လည်းကောင်း၊ တရုတ်နိုင်ငံမှ အဝယ်ရပ်လိုက်ခြင်းကြောင့် ဈေးကွက်ရပ်သွားခဲ့လျှင်သော်လည်းကောင်း တစ်သျှူးငှက်ပျောစိုက်ပျိုးသူတောင်သူများ မနစ်နာစေရန် တာဝန်ရှိသူများက ဈေးကွက်အသစ်များ ကြိုတင်ရှာဖွေထားခြင်း၊ ဥပဒေများနှင့်အညီ ထိန်းချုပ်ထားခြင်းတို့ ပြုလုပ်သင့်ပြီဟု မြင်မိပါကြောင်း ဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်

မြန်မာ့ပုလဲ ပြသရောင်းချပွဲ (ဒီဇင်ဘာ ၂၀၁၉)အောင်မြင်စွာကျင်းပပြီးစီး၊ ပုလဲအတွဲပေါင်း ၃၈၄ တွဲအား ယူရိုငွေ ၂၄၄၅၈၂၁ ဖြင့် ရောင်းချနိုင်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၁၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းက ကြီးမှူးကျင်းပသည့် မြန်မာ့ပုလဲပြသရောင်းချပွဲ (ဒီဇင်ဘာ ၂၀၁၉) Myanmar Pearl Auction (December–2019) နောက်ဆုံးနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၌ ဆက်လက်ကျင်းပသည်။

ယနေ့ ပုလဲရောင်းချပွဲသို့ ပြည်ပပုလဲ ကုန်သည် ၁၅ ဦးနှင့် ပြည်တွင်းပုလဲကုန်သည် ၉၄ ဦး စုစုပေါင်း ၁၀၉ ဦး တက်ရောက်ဝယ်ယူကြသည်။

ပုလဲရောင်းချပွဲ နောက်ဆုံးနေ့တွင် ကုမ္ပဏီပိုင်ပုလဲအတွဲပေါင်း ၁၁၀ ကို ဆက်လက်ရောင်းချခဲ့ရာ ပုလဲအတွဲ ၈၆ တွဲကို ယူရိုငွေ ၅၈၉၁၂၂ ဖြင့် ရောင်းချခဲ့ရသည်။

အဆိုပါပြပွဲ၌ နိုင်ငံပိုင်ပုလဲအတွဲပေါင်း ၂၇၀ တင်ပြခဲ့ရာအတွဲ ၂၇၀ လုံး ရောင်းချခဲ့ရသဖြင့် ၁၀၀ ရာခိုင်နှုန်း ရောင်းချနိုင်ခဲ့ပြီး နိုင်ငံတော်ဝင်ငွေ ယူရိုငွေ ၁၆၀၅၃၅၉ ရရှိခဲ့သည်။ ကုမ္ပဏီပိုင်ပုလဲအတွဲ ၁၄၅ တွဲ တင်ပြခဲ့ရာ ၁၁၄ တွဲ ရောင်းချနိုင်ခဲ့ပြီး ဝင်ငွေ ယူရို ၈၄၀၄၆၂ ရရှိခဲ့သည်။

မြန်မာ့ပုလဲ ပြသရောင်းချပွဲ (ဒီဇင်ဘာ ၂၀၁၉)တွင် နိုင်ငံပိုင် ပုလဲအတွဲပေါင်း ၂၇၀ နှင့် ကုမ္ပဏီပိုင် ပုလဲအတွဲ ၁၄၅ တွဲ စုစုပေါင်း ပုလဲအတွဲပေါင်း ၄၁၅ တွဲ တင်ပြရောင်းချခဲ့ရာ ပုလဲအတွဲစုစုပေါင်း ၃၈၄ တွဲကို ယူရိုငွေ ၂၄၄၅၈၂၁ ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

မျိုးသူဟိန်း

❑ *ကျောဖုံးမှ*

အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆပ်ကော်မတီ (၁၄) ခု ဖွဲ့စည်း

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတက ၂၀၂၀ ပြည့်နှစ်၊ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို အမျိုးသားရေးဦးတည်ချက် (၅) ရပ်နှင့်အညီ နိုင်ငံရေးအနှစ်သာရရှိစွာဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးက ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်တွင် **၂၀၂၀ ပြည့်နှစ်၊ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ**ကို ဒုတိယသမ္မတ (၁) ဦးဆောင်၍ အဖွဲ့ဝင် (၁၄) ဦးဖြင့်လည်းကောင်း၊ **စီမံခန့်ခွဲမှုကော်မတီ** ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးဆောင်၍ အဖွဲ့ဝင် ၁၉ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် **ဆပ်ကော်မတီ (၁၄) ခု** ကိုလည်း ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် **ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၅)** ရပ်မှာ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး"၊ "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေး"၊ "တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့် တရားစီရင်ရေးနှင့် နိုင်ငံသားများ ဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး"၊ "မူးယစ်ဆေးဝါး အန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်းတိုးတက်မြင့်မားစေရေး" နှင့် "စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး" တို့ ဖြစ်ပါကြောင်း။

ပိုမိုကောင်းမွန်ပြည့်စုံစေရေး

ပြည်ထောင်စုနေ့ အခမ်းအနားသည် နှစ်စဉ်ကျင်းပသည့် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သဖြင့် ချမှတ်ထားသည့် အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အဘက်ဘက်မှ ပြည့်စုံအောင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ၂၀၂၀ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီမံခန့်ခွဲမှု ကော်မတီနှင့် ဆပ်ကော်မတီ (၁၄)ခုတို့အနေဖြင့် ယခင်နှစ်များ၏ အတွေ့အကြုံများအပေါ် သင်ခန်းစာယူပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်ပြည့်စုံစေရေး အချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း။

နိုင်ငံ့လွတ်လပ်ရေး သမိုင်းကြောင်းကို ပြန်ကြည့်ပါက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်ပြီး ပြည်မနှင့် တောင်တန်းဒေသတို့ တစ်ပြိုင်တည်းလွတ်လပ်ရေး ရရှိစေရန်အတွက် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ပင်လုံညီလာခံကို ကျင်းပခဲ့ပြီး တိုင်းရင်းသားအားလုံး တညီတညွတ်တည်း ပင်လုံစာချုပ်ချုပ်ဆိုကာ လွတ်လပ်ရေးကို ရယူခဲ့ပါကြောင်း၊ ထိုသို့တိုင်းရင်းသားအားလုံး၏ သွေးစည်းညီညွတ်မှုကို အခိုင်အမာ ဖော်ကျူးပြသနိုင်ခဲ့သည့် ပင်လုံစာချုပ် လက်မှတ်ရေးထိုးသည့်နေ့ကို "ပြည်ထောင်စုနေ့" အဖြစ် သတ်မှတ်ခဲ့ရာ ယခုဆိုလျှင် (၇၃) နှစ်ရောက်ခဲ့ပြီဖြစ်ပါကြောင်း။

ပင်လုံညီလာခံ၏ ရလဒ်ကြောင့် တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှုရရှိကာ လွတ်လပ်ရေး ပြန်လည်ရရှိခဲ့ပါကြောင်း၊ ယနေ့တွင်လည်း နိုင်ငံတော်အတွက် အရေးအကြီးဆုံးဖြစ်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရန် ကြိုးစားဆောင်ရွက်နေသည့် အချိန်လည်းဖြစ်ပါကြောင်း၊ ပင်လုံညီလာခံ၏ ရလဒ်ကို နမူနာယူပြီး ပင်လုံစိတ်ဓာတ်ဖြင့် စိတ်ရှည်ဖွဲ့ရှိစွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်မည်ဆိုပါက ငြိမ်းချမ်းရေးပန်းတိုင်ကို အနေးနှင့် အမြန်ရောက်ရှိနိုင်မည်ဟု ယုံကြည်လျက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံကို ကျင်းပလျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးရမှ မိမိတို့နိုင်ငံ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဆိုသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း။

ရိုးရာယဉ်ကျေးမှုများ ထုတ်ဖော်

တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကြောင့် လွတ်လပ်ရေးရရှိခဲ့သဖြင့် **"တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် နိုင်ငံတော်အတွက် အသက်တမျှအရေးကြီးကြောင်း"** ကို နောင်လာနောက်သားများ သိရှိစေရန် ရည်ရွယ်၍ ပြည်ထောင်စုနေ့ကို နှစ်စဉ်ကျင်းပလျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ ယဉ်ကျေးမှုဓလေ့ပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံတို့ဖြင့် ဖွဲ့စည်းတည်ရှိသည့် ပြည်ထောင်စုနိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ ကွဲပြားခြားနားသည့် ပထဝီဝင်ဒေသ အသီးသီးတွင်ရှိကြသော တိုင်းရင်းသားအသီးသီးသည် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာဓလေ့စရိုက်များကို ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နောင်လာနောက်သားများ သိရှိရန်အတွက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို ထုတ်ဖော်ပြသရင်း ထိန်းသိမ်းစောင့်ရှောက်နေခြင်းလည်း ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ်၊ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ကို အခမ်းအနားအစီအစဉ် အပိုင်း (၂) ပိုင်းနှင့် ကျင်းပသွားမည်ဖြစ်ရာ ပထမပိုင်းအနေဖြင့် နံနက်ပိုင်းတွင် **အလံတင် အခမ်းအနားနှင့် သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနား**၊ ညနေပိုင်းတွင် **ညစာစားပွဲနှင့် ဖျော်ဖြေရေး အခမ်းအနား**တို့ဖြစ်ပါကြောင်း၊ အဆိုပါအခမ်းအနားအစီအစဉ် အပိုင်း (၂) ပိုင်းကို တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် စနစ်တကျ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး ရှင်းလင်းတင်ပြစဉ်။

ယခင်နှစ်က ကျင်းပခဲ့သည့် "(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပခဲ့မှုများနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်သည့် အစည်းအဝေး" ကို ၂၀၁၉ ခုနှစ်၊ ဧပြီ ၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါ အစည်းအဝေးတွင် အစည်းအဝေးဆုံးဖြတ်ချက်ပေါင်း (၁၅)ချက်ကို ချမှတ်ခဲ့ပါကြောင်း၊ ကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် ယခုကျင်းပမည့် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် အဆိုပါအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် သေချာစွာသုံးသပ်၍ အလေးထားပြုပြင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

နောက်ခံ ရုပ်ပုံများဖော်ပြ

၂၀၂၀ ပြည့်နှစ်၊ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အတွက် နိုင်ငံတော်က ချမှတ်ပေးထားသည့် အမျိုးသားရေးဦးတည်ချက် (၅)ရပ်၏ အနှစ်သာရများကို ပြည်သူများ သိရှိနားလည်နိုင်ရေးအတွက် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်းများ အားလုံးမှ ပြန်ကြား၊ ဖျော်ဖြေ၊ ပညာပေးအစီအစဉ်အမျိုးမျိုးဖြင့် ထုတ်လွှင့်ဖော်ပြနိုင်ရေးနှင့် လက်ရှိကာလ ပြည်ထောင်စု အစိုးရအဖွဲ့၏ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေသည့် လုပ်ဆောင်ချက်များနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ချက်များကို ပေါ်လွင်စေသည့် နောက်ခံရုပ်ပုံများကိုလည်း ထည့်သွင်းဖော်ပြသွားရန်လိုအပ်မည် ဖြစ်ပါကြောင်း။

ထို့ပြင် အခမ်းအနားသို့ လာရောက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးများ၊ နိုင်ငံရေးပါတီ ဥက္ကဋ္ဌများနှင့် ပါတီခေါင်းဆောင်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တည်းခိုနေထိုင်မည့်နေရာများတွင် သန့်ရှင်းသပ်ရပ်ပြီး အမြင်တင့်တယ်စေရေး၊ စားသောက်နေထိုင်ရေးနှင့် သွားလာမှုအဆင်ပြေစေရေးတို့အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားကြရန်နှင့် အခမ်းအနားအားလုံးအတွက် A Plan အပြင် B Plan ကိုပါ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုနေ့ အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိစွာနှင့် အောင်မြင်အောင် ကျင်းပနိုင်ရေးအတွက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ကြိုတင်ပြင်ဆင်ထားရှိမှု တင်ပြ

ထို့နောက် ၂၀၂၀ ပြည့်နှစ်၊ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး **စီမံခန့်ခွဲမှုကော်မတီ** ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ယခင်နှစ်က ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် ယခုနှစ် အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ **လုံခြုံရေး ဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူကလည်းကောင်း၊ **ကြိုဆိုနေရာချထားရေး ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်တို့က လည်းကောင်း၊ **သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပညာရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းကလည်းကောင်း၊ **ဘဏ္ဍာရေး ဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်က လည်းကောင်း၊ **ဖိတ်ကြားရေးနှင့် နေရာချထားရေး ဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်တို့ကလည်းကောင်း၊ **ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကာကွယ်ရေးဝန်ကြီးဌာန၊ ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ဒုတိယဗိုလ်မှူးကြီး တင်မောင်လွင်ကလည်းကောင်း၊ **အလံတင်အခမ်းအနားစီစဉ်ရေး ဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီး သိန်းဇော်က လည်းကောင်း။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင် ရှင်းလင်းတင်ပြစဉ်။

မြေစိုက်ပိုစတာများ စိုက်ထူရေး ဆပ်ကော်မတီ၏ ဆောင်ရွက် ထားရှိမှု အခြေအနေများကို နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးဆန်းနိုင်က လည်းကောင်း၊ **ညစာစားပွဲဖျော်ဖြေရေး ဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံတို့က လည်းကောင်း၊ **ကျန်းမာရေး ဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းကလည်းကောင်း၊ **ညစာစားပွဲခင်းကျင်းကျွေးမွေးရေး ဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးကလည်းကောင်း၊ **စာရင်းစစ်ဆေးရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးကလည်းကောင်း၊ **အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က လည်းကောင်း၊ **ပြန်ကြားရေး ဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြန်ကြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင် ကလည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

အကြံပြုဖြည့်စွက်ဆွေးနွေး

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်း၊ ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ဒုတိယဗိုလ်မှူးကြီး တင်မောင်လွင်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူတို့က ၂၀၂၀ ပြည့်နှစ်၊ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အောင်မြင်စွာကျင်းပရေးအတွက် လိုအပ်သည်များကို အကြံပြုဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

" မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ ယဉ်ကျေးမှုဓလေ့ပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံတို့ဖြင့် ဖွဲ့စည်းတည်ရှိသည့် ပြည်ထောင်စုနိုင်ငံတစ်ခုဖြစ်။ ကွဲပြားခြားနားသည့် ပထဝီဝင်ဒေသအသီးသီးတွင်ရှိကြသော တိုင်းရင်းသားအသီးသီးသည် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာဓလေ့စရိုက်များကို ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်"

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မကွေး) ကျင်းပရန် ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

မကွေး ဒီဇင်ဘာ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ ညနေပိုင်းက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မကွေး) ကျင်းပရန် ကြိုတင် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မကွေးတက္ကသိုလ်ဘွဲ့နှင်းသဘင် ခန်းမ၌ ပွဲတော်ဖွင့်ပွဲအခမ်းအနား အတွက် ဇာတ်တိုက်လေ့ကျင့်နေမှု များကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပွဲတော်တွင် ပါဝင်ပြသမည့် ပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များ ကြိုတင်ပြင်ဆင်ခင်းကျင်း ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြခန်းများအလိုက် ရှင်းလင်းတင်ပြသည်။

ပြခန်းပေါင်း ၁၀၀ ကျော် ခင်းကျင်း

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မကွေး)ကို မကွေးတက္ကသိုလ်အတွင်း ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ သုတရသနှင့် အသိပညာပေးဆိုင်ရာ ပြခန်းပေါင်း ၁၀၀ ကျော် ခင်းကျင်း ပြသကာ စာပေဆိုင်ရာလှုပ်ရှားမှုများ၊ အားကစားဆိုင်ရာ လှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာ လှုပ်ရှားမှုများ၊ အိုင်တီနည်းပညာဆိုင်ရာ လှုပ်ရှားမှု များအပြင် စာအုပ်အရောင်းဆိုင်ပေါင်း ၆၀ ဖွင့်လှစ်၍ နိုင်ငံကျော်အနုပညာ ရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များ နှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။

အစမ်းလေ့ကျင့်

နံနက်ပိုင်းကလည်း လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး) ဖွင့်ပွဲ အခမ်းအနား အစမ်းလေ့ကျင့်နေမှု များကို မကွေးတက္ကသိုလ် ဘွဲ့နှင်း သဘင်ခန်းမရှေ့၌ ကျင်းပရာ မကွေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန် ရှိသူများ ကြည့်ရှုစစ်ဆေးကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ဒုတိယ ဝန်ကြီး ဦးအောင်လှထွန်း၊ တိုင်းဒေသ ကြီးဝန်ကြီးများနှင့် တာဝန်ရှိသူ များသည် ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ ပြုလုပ်မည့် ဖွင့်ပွဲအခမ်းအနားအတွက် ဖဲကြိုးဖြတ်ရန် အစမ်းလေ့ကျင့်နေ မှုများ၊ ဘွဲ့နှင်းသဘင်ခန်းမအတွင်း ကျင်းပမည့် ဖျော်ဖြေရေးအစီစဉ် များ၊ ထူးချွန်လူငယ်မောင်မယ်များအား ဆုချီးမြှင့်ရန် သရုပ်ပြလေ့ကျင့်နေ မှုများနှင့် ပွဲတော်အတွင်း ပြသမည့် ပြခန်းများ ခင်းကျင်းပြသထားမှုများ ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)
ဝေလျှံ၊ ဓာတ်ပုံ – ဟိန်းမင်းစိုး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မကွေး) ကျင်းပရန် ပြခန်းများ ခင်းကျင်းပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။
သတင်းစဉ်

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မကွေး)တွင် ပြခန်းပေါင်း ၁၀၀ ကျော်နှင့် စာအုပ်အရောင်းဆိုင်ပေါင်း ၆၀ ကျော် ပါဝင်ခင်းကျင်းပြသမည်

မကွေး ဒီဇင်ဘာ ၁၃

မကွေးတက္ကသိုလ်တွင် ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက် အထိ ကျင်းပမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများတို့မှ သုတနှင့်အသိ ပညာပေးဆိုင်ရာ ပြခန်းပေါင်း ၁၁၂ ခန်းနှင့် ရန်ကုန်မြို့ စာအုပ်ထုတ်ဝေဖြန့်ချိရေးဆိုင်ကြီးများမှ လာရောက် ဖွင့်လှစ်ရောင်းချသည့် စာအုပ်အရောင်းဆိုင်ပေါင်း ၆၀ ပါဝင်ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရ သည်။

ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်ပွဲတော် နွဲပျော်စို့

အဆိုပါပြခန်းများတွင် ပွဲတော်၏ရည်ရွယ်ချက်ဖြစ် သည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်ပွဲတော် နွဲပျော်စို့ ဆောင်ပုဒ်နှင့်အညီ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာ ကျောင်းများမှ ဘာသာရပ်အလိုက်ပြခန်းများ၊ ဝန်ကြီးဌာန ပြခန်းများ၊ မူးယစ်ဆေးဝါးနှင့် မသန်စွမ်းသူများဆိုင်ရာ ပြခန်းများ၊ သဘာဝဘေးဆိုင်ရာပြခန်းများ၊ မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ကော်မတီဝင်အမျိုးသမီး ရေးရာအဖွဲ့ ခုနစ်ဖွဲ့ပြခန်းများအပြင် မကွေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီပြခန်းများ ပါဝင်ပြသထားမည် ဖြစ်သည်။

ထို့ပြင် အသိပညာပေးအစီအစဉ်များအဖြစ် လူငယ် ရေးရာမူဝါဒဆိုင်ရာစာအုပ်နှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း လူငယ်များအတွက် သိကောင်းစရာ အချက် အလက်များ အမေးအဖြေအစီအစဉ်နှင့် ဉာဏ်စမ်းမေးခွန်း များ မေးမြန်းဖြေဆိုခြင်း၊ အခြေခံမျိုးဆက်ပွားကျန်းမာရေး အသိပညာပေးဟောပြောပွဲများ၊ သားဆက်ခြား နည်းလမ်း များအား အသိပညာပေးဟောပြောခြင်းစသည့် အစီအစဉ် များ ပါဝင်မည်ဖြစ်သည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မကွေး) ၌ ပြခန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ထည့်သွင်းကျင်းပ

၎င်းပြင် စာပေစကားဝိုင်းဆွေးနွေးပွဲများ၊ အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲများ၊ ကျပန်းစကားပြောနှင့် ကဗျာရွတ်ပြိုင်ပွဲ များအပြင် အားကစားဆိုင်ရာလှုပ်ရှားမှုများ၊ အနုပညာ ဆိုင်ရာလှုပ်ရှားမှုများနှင့် ဖျော်ဖြေရေးအစီအစဉ်များလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကို အနာဂတ် နိုင်ငံတော်အတွက် ဗလငါးတန်ပြည့်စုံသော ခေါင်းဆောင် ကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ရန်ကုန်တက္ကသိုလ်တွင် စတင်ကျင်းပခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ၂၀၁၈ ခုနှစ် ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ မန္တလေးတက္ကသိုလ်တွင် ကျင်းပခဲ့ကာ ယခု တတိယအကြိမ်မြောက်အဖြစ် မကွေး တက္ကသိုလ်တွင် ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း – မေသူလွင် (မကွေး)၊ ဓာတ်ပုံ – ဟိန်းမင်းစိုး

မန္တလေးတိုင်းဒေသကြီးတွင် ပြည်သူများသို့ ၆၇ ရာခိုင်နှုန်း လျှပ်စစ်မီးပေးနိုင်ပြီ

မန္တလေး ဒီဇင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီးတွင် ပြည်သူ များသို့ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၆၇ ရာခိုင်နှုန်း ဖြန့်ဖြူးပေးနိုင်ပြီ ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပို ရေးရှင်းမှ သိရသည်။

၆၇ ရာခိုင်နှုန်း ဖြန့်ဖြူးပေးနိုင်

"မန္တလေးတိုင်းဒေသကြီးအတွင်း မှာ လျှပ်စစ်ဓာတ်အား ၆၇ ရာခိုင်နှုန်း ဖြန့်ဖြူးပေးနိုင်ပါပြီ။ တိုင်းဒေသကြီး အတွင်းမှာရှိတဲ့မြို့အားလုံး မီးလင်း ပြီး ကျန်နေတာက ကျေးရွာအချို့ပါ၊ တိုင်းဒေသကြီးအတွင်းမှာ ကျေးရွာ ပေါင်း ၄၇၉၉ ရွာ ရှိပါတယ်။ လက်ရှိမှာ တော့ အစိုးရအစီအစဉ်ဖြင့် ကျေးရွာ ပေါင်း ၃၁၅၅ ရွာ မီးလင်း၍ ပုဂ္ဂလိက အစီအစဉ်ဖြင့် ကျေးရွာ ၆၂၄ ရွာ မီးလင်းကာ မီးလင်းဖို့ကျန်ရှိနေတာ က ကျေးရွာပေါင်း ၁၀၂၀ ရှိပါတယ်။ ကျန်ရှိနေတဲ့ကျေးရွာ တစ်ထောင် ကျော်ကိုလည်း လျှပ်စစ်မီးလင်းနိုင်ရေး ဆက်လက်ဆောင်ရွက်နေပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး လျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ် ဦးတင်အောင် က ပြောသည်။

ရေရှည်စီမံကိန်းများ ချမှတ်

မန္တလေးတိုင်းဒေသကြီးတွင် 230KV ဓာတ်အားခွဲရုံ ခုနစ်ရုံ၊ 132KV ဓာတ်အားခွဲရုံ ၁၀ ရုံ စုစုပေါင်း ပင်မ ဓာတ်အားခွဲရုံ ၁၇ ရုံဖြင့် လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိ ကြောင်း၊ မိမိတို့ဌာနအနေဖြင့် ပြည်သူ များ ဓာတ်အားအလုံအလောက်ရရှိ ရေး၊ ဓာတ်အားပျောက်ဆုံးမှု လျှော့ချ ရေး၊ လျှပ်စစ်အန္တရာယ်ကင်းဝေးရေး၊ အရည်အသွေးပြည့်မီသော လျှပ်စစ် ဓာတ်အားကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက် လျက်ရှိကြောင်း၊ ဓာတ်အားအပြည့် အဝပေးနိုင်ရေး ဓာတ်အားခွဲရုံကြီး များ၊ ဓာတ်အားပေးစက်ရုံကြီးများ အား ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုနှစ် မန္တလေးတိုင်းဒေသကြီး တွင် ပြည်ထောင်စုအစိုးရဘတ်ဂျက် ဖြင့် ဘီလီယံ ၃၀ ကျော်၊ တိုင်းဒေသ ကြီးအစိုးရဘတ်ဂျက်ဖြင့် ကိုးဘီလီယံ ကျော် လျှပ်စစ်ဓာတ်အားတိုးတက် ဖြန့်ဖြူးပေးရေးလုပ်ငန်းများ ဆောင် ရွက်ရန် လျာထားချထားပေးခဲ့ ကြောင်း၊ လာမည့် ၂၀၂၁–၂၀၂၂ ဘဏ္ဍာ နှစ်တွင် တိုင်းဒေသကြီးတစ်ခုလုံး ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ပေးနိုင်ရေး မျှော်မှန်းကာ ဆောင်ရွက် လျက်ရှိကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတော်ဓာတ်အား စနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရပြီး မန္တလေးတိုင်းဒေသကြီးတွင် ၆၇ ရာခိုင်နှုန်း ရရှိနေပြီဖြစ်ကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

ပခုက္ကူဒေသ ဂုဏ်ပြုသီချင်း ပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၁၃

ပခုက္ကူဒေသကို ဂုဏ်ပြုသည့် သီချင်းပြိုင်ပွဲကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အဖွဲ့လိုက်ယှဉ်ပြိုင်ရမည်ဖြစ်ရာ တစ်ဖွဲ့ချင်း သီချင်းရေးသားပြီး သံစဉ်၊ တီးခတ်မှုနှင့် သီဆိုမှု သုံးမျိုးပါဝင်ရမည် ဖြစ်သည်။ ယင်းသုံးမျိုးပါဝင်မှသာ သီချင်းတစ်ပုဒ်အဖြစ် သတ်မှတ်ပြီး မြန်မာသံစဉ် ဦးစားပေးဖြစ်ရမည် ဖြစ်သည်။

မြန်မာ့ဆိုင်း၊ အိုးစည်၊ ဒိုးပတ်၊ ဗုံတို၊ ဗုံရှည်၊ ပတ္တလား၊ စောင်း၊ တယော၊ ဒုံမင်း၊ မယ်ဒလင်၊ စန္ဒရား၊ ကီးဘုတ် စသည်ဖြင့် နှစ်သက်ရာ ဂီတပစ္စည်း များ အသုံးပြုတီးခတ်နိုင်သကဲ့သို့ ခေတ်ပေါ်ဂစ်တာနှင့် ဒရမ်များလည်း အသုံးပြုနိုင်သည်။ သီဆိုသူမှာလည်း တစ်ယောက်တည်း သို့မဟုတ် တစ်ယောက်ထက်ပို၍ အုပ်စုအလိုက်လည်း သီဆိုယှဉ်ပြိုင်နိုင်ပါသည်။ အသေးစိတ်ကို ဒေါက်တာလှိုင်မိုး ဖုန်း ၀၉–၅၁၂၅၂၀၀၊ ၀၉–၉၇၉၈၉၈၆၇၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

မြန်မာ့အလင်း

စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော် ပရဝဏ်အတွင်းရှိ စေတီတော်များတွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ မကိုဋ်(၃)ဆင့် ရွှေထီးတော်များ ပင့်ဆောင်ပူဇော်

ရန်ကုန် ဒီဇင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော် ပရဝဏ်အတွင်းရှိ စေတီတော်များတွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ မကိုဋ်(၃)ဆင့် ရွှေထီးတော်များအား ပင့်ဆောင်ပူဇော်ခြင်း အခမ်းအနားကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော် ရင်ပြင်တော်၌ပြုလုပ်ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကို တက်ရောက်ကြည်ညိုသည်။

အခမ်းအနားတွင် ဆရာတော် သံဃာတော်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးသူရဦးအောင်ကို၊ ရွှေတိဂုံ စေတီတော်ဂေါပကအဖွဲ့ တာဝန်ရှိသူ များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာနုဂ္ဂဟ အသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ နှင့် အလှူရှင်များက ရတနာစိန်ဖူး တော်၊ ငှက်မြတ်နားတော်၊ မကိုဋ်(၃) ဆင့် ရွှေထီးတော်များအား ရွှေတိဂုံ စေတီတော် အနောက်ဘက်မုခ်မှ ရင်ပြင်တော်ပေါ်ရှိ ချမ်းသာကြီး တန်ဆောင်းသို့ ပင့်ဆောင်ပူဇော်ကြ သည်။

အဆိုပါ ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်၊ မကိုဋ် (၃)ဆင့် ရွှေထီးတော်များအား ရွှေတိဂုံ စေတီတော် ရင်ပြင်တော်ပေါ်ရှိ ချမ်းသာကြီးတန်ဆောင်းတွင် ယနေ့ ညနေပိုင်းမှ စတင်ကာ ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းအထိ သုံးရက်တာ အပူဇော်ခံထားရှိသွားမည်ဖြစ်သည်။

စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်ပရဝဏ်အတွင်း၌ ဒီဇင် ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပ မည့် ရွှေထီးတော်တင်လှူပွဲနှင့်အတူ ရဟန်း၊ ရှင်သာမဏေအပါး ၅၂၀၀ အား သာသနာ့ဘောင်သို့ သွတ်သွင်း ချီးမြှင့်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူ ခြင်းပူဇော်ပွဲများကို စည်ကားသိုက်မြိုက် စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စု ဝန်ကြီးသူရဦးအောင်ကို၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အလှူရှင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ မကိုဋ်(၃)ဆင့် ရွှေထီးတော်များအား ပင့်ဆောင်ပူဇော်ကြစဉ်။ သတင်းစဉ်

ဂျပန်ဘုရင့်မျိုးနွယ် မင်းသမီး Yoko Mikasa နှင့်အဖွဲ့ ပုဂံရှေးဟောင်းဘုရားများအား ဖူးမြော်

ပုဂံ-ညောင်ဦး ဒီဇင်ဘာ ၁၃

မြန်မာနိုင်ငံ၌ အလည်အပတ်ခရီးစဉ် ရောက်ရှိနေသော ဂျပန်ဘုရင့်မျိုးနွယ် မင်းသမီး Yoko Mikasa ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းအမွေအနှစ်နယ်မြေရှိ သဗ္ဗညုဘုရား၊ အာနန္ဒာဘုရားနှင့် လောကနန္ဒာစွယ်တော် မြတ်ဘုရားများအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ထို့ပြင် ဂျပန်ဘုရင့်မျိုးနွယ် မင်းသမီးနှင့်အဖွဲ့သည် သဗ္ဗညုဘုရားအနီးရှိ ဂျပန်စစ်သင်္ချိုင်း ငြိမ်းချမ်းရေး အထိမ်းအမှတ်နေရာတွင် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည့် ဂျပန်စစ်သည်များအတွက် လွမ်းသူ့ပန်းခွေချ ဂါရဝပြုသည်။

ဂျပန်ဘုရင့်မျိုးနွယ် မင်းသမီးနှင့်အဖွဲ့သည် ညနေ ၆ နာရီခွဲတွင် ပုဂံ-ညောင်ဦးမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ဖေလီနီး(ပုဂံ)

ဂျပန်ဘုရင့်မျိုးနွယ် မင်းသမီး Yoko Mikasa ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပုဂံရှေးဟောင်းအမွေအနှစ်နယ်မြေရှိ ဘုရားများအား သွားရောက်ဖူးမြော်ကြည်ညိုကြစဉ်။

ရသစာဖတ်ဝိုင်းပွဲစဉ် ၃၃ တွင် စမ်းစမ်းနွဲ့(သာယာဝတီ)၏ဝတ္ထုတိုများ ဖတ်ကြမည်

ရန်ကုန် ဒီဇင်ဘာ ၁၃

တနင်္ဂနွေတစ်ပတ်ခြား ပုံမှန်ကျင်းပလျက်ရှိသော စာရေးသူများ၏ ရသ စာဖတ်ဝိုင်း ရာသီ ၂၊ ပွဲစဉ် ၃၃ ကို ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲတွင် စာရေးဆရာမကြီးစမ်းစမ်းနွဲ့(သာယာဝတီ)၏ ရသစာစု များကို စာရေးဆရာ၊ ဆရာမများက ဖတ်ကြားတင်ဆက်ကြမည့်အပြင် စာနွေး ဖြေကြားပေးမည့် ရသဝတ်မှုန်ကူးခြင်းအစီအစဉ်၊ တက်ရောက်မည့် ပရိသတ် များအား စာအုပ်၊ ပန်းချီကား လက်ဆောင်ပေးမည့် အစီအစဉ်များလည်းပါဝင် မည်ဖြစ်ကြောင်း သိရသည်။

စာရေးသူများ၏ ရသစာဖတ်ဝိုင်းသည် စာဖတ်ခြင်းမှတစ်ဆင့် ခိုင်ကျည် သောစိတ်၊ ပြုပြင်နိုင်သော ဉာဏ်ပညာ၊ စာနာနိုင်သော နှလုံးသားတို့ကို တည်ဆောက်နိုင်မည်ဟူသော ယုံကြည်ချက်ဖြင့် ၂၀၁၃ ခုနှစ် ဩဂုတ်လမှ စတင်၍ ရသစာပေများဖတ်ကြား တင်ဆက်ခဲ့ကြပြီး ၂၀၁၆ ခုနှစ်အထိ ပထမရာသီအဖြစ် ရသစာပေဖန်တီးသူများနှင့် ပွဲစဉ် ၅၆ ပွဲ၊ ဒုတိယရာသီအဖြစ် ၂၀၁၇ နှစ်ဦးမှ ယနေ့အထိ ပွဲစဉ် ၃၂ ပွဲ ကျင်းပပြီးဖြစ်သကဲ့သို့ ၂၀၁၉ ဧပြီလတွင် ပန်းတင်လှေ့ရသစုံ စာစုမဂ္ဂဇင်းကိုလည်း ထုတ်ဝေနိုင်ခဲ့ကြောင်း သိရသည်။

ကိုကြီးစော

ရန်ကုန်တက္ကသိုလ်ရာပြည့်နှင့် မြန်မာစာဌာန တည်ထောင်ခြင်း (၇၈)နှစ်မြောက်အထိမ်းအမှတ် ဆရာကြီး ဦးဖေမောင်တင်၏ ကြေးရုပ်တုဖွင့်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၃

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်း အမှတ်နှင့် မြန်မာစာဌာန တည်ထောင် ခြင်း (၇၈)နှစ်မြောက်အထိမ်းအမှတ် ဆရာကြီး ဦးဖေမောင်တင်၏ ကြေးရုပ်တုဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တက္ကသိုလ်၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

ဆရာကြီး ဦးဖေမောင်တင်၏ ကြေးရုပ်တုကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတည်ရှိရာ တောင်ငူ ဆောင် အလယ်မြက်ခင်းပြင်တွင် ထားရှိဖွင့်လှစ်မည်ဖြစ်ကြောင်း သိရ သည်။

ဆရာကြီး ဦးဖေမောင်တင်သည် ရန်ကုန်တက္ကသိုလ်၏ ပထမဆုံး မြန်မာလူမျိုး ကျောင်းအုပ်ကြီးဖြစ်ပြီး မြန်မာစာဌာနထူထောင်သူ မြန်မာ စာပေဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ကုန် တက္ကသိုလ်၌ မြန်မာစာဌာနပေါ်ပေါက် လာရေးသာမက ဘာသာစကားနှင့် စာပေဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း ခဲ့သူတစ်ဦးဖြစ်သဖြင့် မြန်မာလူမျိုး အားလုံးအပေါ် ကျေးဇူးတရားကြီးမား သော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည့် အတွက် ယခုကဲ့သို့ ရုပ်တုထားရှိ ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ အောင်မြင့်ဦးထံမှ သိရသည်။

ဆရာကြီး ဦးဖေမောင်တင်ရုပ်တု ကို ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တွင် ထားရှိခြင်းဖြင့် မြန်မာစာမျိုးဆက် သစ် ကျောင်းသား ကျောင်းသူများ အနေဖြင့် အားကျအတုယူနိုင်စေရန် နှင့် မြန်မာစာပေအပေါ် ချစ်မြတ်နိုး စိတ်၊ တန်ဖိုးထားစိတ်များ ပိုမိုတိုးပွား လာစေရန် ရည်ရွယ်ထားရှိခြင်းဖြစ် ကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ်၏ ပထမဆုံး မြန်မာလူမျိုးကျောင်းအုပ်ကြီး၊ မြန်မာစာ ဌာနကို တည်ထောင်သူ ဆရာကြီး ဦးဖေမောင်တင်ရုပ်တု။

ထင်ပေါ်ဝင်း(ကမာရွတ်)
ဓာတ်ပုံ - ထိန်လင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး မစ္စတာ ရိုနယ်ဘီလာနှင့်အဖွဲ့အား ယမန်နေ့နံနက် ၁၁ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး ညှိနှိုင်းခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ အစ္စရေးနိုင်ငံ၏ အထောက်အပံ့ဖြင့် ဟင်းသီးဟင်းရွက် သရုပ်ပြစိုက်ခင်းတည်ထောင်၍ သင်ကြားရေးအထောက်အကူပြုနေမှုများ၊ အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု လုပ်ငန်းခွင်သင်တန်း ဆောင်ရွက်နိုင်ရေးနှင့် စံပြနို့စားနွားမွေးမြူရေးခြံနှင့် နို့ပြုပြင်ထုတ်လုပ်ရေးစက်ရုံ တည်ထောင်ရေးစီမံကိန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ အစ္စရေးနိုင်ငံ စိုက်ပျိုးရေးကုမ္ပဏီများ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

မြန်မာ့ရုပ်မြင်သံကြား

၁၄-၁၂-၂၀၁၉ (စနေနေ့)

နံနက်ပိုင်း

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၈:၃၅ - "ဘင်း(မ်)ကေဦဒ္ဒါ(ခ်)နီပေါ သံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း"
၁၅:၅၅ - တက္ကသိုလ်ရာပြည့် ဂုဏ်ပြု Logo(100)
- တက္ကသိုလ်ရာပြည့် ဂုဏ်ပြု အစီအစဉ်(Promo)

ညပိုင်း

၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးရှင်သခင်မ" (အပိုင်း-၃၇)
၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၀ - ရုပ်ရှင်ရာပြည့်(Promo)
- သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (ငလျင်ဘေးအန္တရာယ် အသိပညာပေးအစီအစဉ်)
၂၀:၃၅ - လန်ချန်း-မဲခေါင် အစီအစဉ် " Rainforest Homeland" (အပိုင်း-၂)
- နိုင်ငံခြားဇာတ်လမ်းတွဲ "အမှန်တရားရဲ့ ဘက်တော်သား" (ICAC အဖွဲ့သားများ) (အပိုင်း-၃)
- ဟိုတုန်းက ရေဒီယိုအသံလွှင့် ဇာတ်လမ်းများ "လောကီလူ့ဘုံ" (ဝေယံမင်း၊ ဘလိတ်၊ A3၊ စောမင်းယျာ) ဒါရိုက်တာ-သီတာလင်း (Laural Art Academy)

နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းပြည့် အထိမ်းအမှတ် ပြခန်းများ၊ နိဗ္ဗာန်စျေးပွဲတော်နှင့် စာတမ်းဖတ်ပွဲအခမ်းအနားများဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၁၃

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့်အထိမ်းအမှတ်အဖြစ် ပြခန်းများ၊ နိဗ္ဗာန်စျေးပွဲတော်အခမ်းအနားများ၊ စာတမ်းဖတ်ပွဲ အခမ်းအနားများဖွင့်လှစ်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယမန်နေ့က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။

အထိမ်းအမှတ်ပြခန်းများဖွင့်

ရှေးဦးစွာ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့်အထိမ်းအမှတ် ပြခန်းများဖွင့်ပွဲ အခမ်းအနားနှင့် တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး ဝန်ထမ်းမိသားစုများ၏ နိဗ္ဗာန်စျေးပွဲတော် ဖွင့်ပွဲအခမ်းအနားများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်မိုးနိုင်၊ အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ဝင်းနှင့် ဒေါက်တာထွန်းနိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနနှင့် ကုမ္ပဏီအဖွဲ့အစည်းများမှ ခင်းကျင်းပြသထားသောပြခန်းများနှင့် နိဗ္ဗာန်စျေးပွဲတော်အတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့်အထိမ်းအမှတ် စာတမ်းများဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

ယင်းနောက် ညနေပိုင်းတွင် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းနှင့် ညစာစားပွဲအခမ်းအနားအား ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့် အထိမ်းအမှတ်အခမ်းအနား Logo ပြိုင်ပွဲတွင် ဆုရရှိခဲ့သော ဝန်ထမ်းနှစ်ဦးအား လည်းကောင်း၊ အထိမ်းအမှတ် သီချင်းစာသားရေးစပ်သီဆိုသူ ဝန်ထမ်းတစ်ဦးအား လည်းကောင်း၊ ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ လေပြင်းမုန်တိုင်း တိုက်ခတ်ခြင်းကြောင့် ပျက်စီးသွားသော ဓာတ်အားလိုင်းများအား အချိန်တိုအတွင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား လည်းကောင်း၊ ၂၃၀ ကေဗွီ ရွှေလီ-မန်စံ ဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း - ကျောက်တော် ဓာတ်အားလိုင်းတို့တွင် Conductor (C-Phase) ကြိုးပျက်ကျခြင်းနှင့် ကြိုးလွှန်းဖွာခြင်းများဖြစ်ပေါ်ခဲ့ရာ အချိန်တိုအတွင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုများကြောင့် ဓာတ်အားပြတ်တောက်မှု အနည်းဆုံးဖြစ်ရန် ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား လည်းကောင်း ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့် အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၁၃

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရေးအတွက် အဆိုးရွားပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြုစုပျိုးထောင် ကာကွယ်စောင့်ရှောက်ပေးရန် အရေးကြီး

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအခြေခံသည် လူသားစွမ်းရည်အရင်းအမြစ်ကောင်းများပေါ်တွင် မူတည်ကြောင်း၊ ထို့ကြောင့် ကလေးသူငယ်များဘဝတွင် အကောင်းဆုံးပြုစုပျိုးထောင် ကာကွယ်စောင့်ရှောက်ပေးရန် အရေးကြီးကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အခြေအနေအမျိုးမျိုးကြောင့် အလုပ်လုပ်ရသော ကလေးသူငယ်များအတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၏ အခန်း(၁၄)တွင် မည်သည့်ကလေးသူငယ်ကိုမဆို အဆိုးရွားဆုံးပုံစံနှင့် အလုပ်ခိုင်းစေခြင်းမပြုလုပ်ရ၊ အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသည့် ကလေးသူငယ်၏ အသက်သည် (၁၄)နှစ်အောက်မငယ်စေရဟူ၍ ဥပဒေဖြင့် ကာကွယ်ပေးထားကြောင်း၊ ထို့အပြင် ကလေးသူငယ်များကို အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းတွင် လက်နက်ကိုင်ပဋိပက္ခများ၌ ကလေးစစ်သားအဖြစ် အသုံးပြုခြင်းလည်းပါဝင်ကြောင်း၊ ထို့အတွက် အစိုးရ၊ တပ်မတော်နှင့် ကုလသမဂ္ဂအဖွဲ့များပူးပေါင်း၍ ကလေးစစ်သားပပျောက်ရေးအတွက် စနစ်တကျကြိုးပမ်းပေးလျက်ရှိကြောင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးလုပ်ငန်းနှင့် ပတ်သက်၍ အရေးကြီးသည့် ဆက်လက်ဆောင်ရွက်ရမည့်အပိုင်းသည် ပြန်လည်ထူထောင်ရေးဖြစ်ကြောင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးသူငယ်များအား ပြန်လည်ထူထောင်ရေးကဏ္ဍကို ထိရောက်စွာဆောင်ရွက်ခြင်းဖြင့်လည်း လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ထွက်ပေါ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီအစည်းအဝေးသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

လုပ်ငန်းစဉ်များကို ရှင်းလင်း

ထို့နောက် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးအောင်က လုပ်ငန်းကော်မတီမှ ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းအစီအစဉ် (၆) ရပ် ဆောင်ရွက်နေမှုများ၊ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် အမျိုးသားကော်မတီ ညှိနှိုင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး/ ပြည်နယ် လုပ်ငန်းကော်မတီဝင်များက ဒေသအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြ၍ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြသည်။

သတင်းစဉ်

ဧရာဝတီတိုင်းဒေသကြီး၏ (၁၀)ကြိမ်မြောက် ကလေးစာပေပွဲတော် (ပန်းတနော်) အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဖွင့်လှစ်ပေး

ပန်းတနော် ဒီဇင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ပန်းတနော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော (ကလေးစာပေပွဲတော်) စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ပန်းတနော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စံပယ်ဆောင်ရှေ့၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ ဖွင့်ပွဲအထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

၁၀ မြို့နယ်မြောက် ကျင်းပ

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်ကို မြတ်ပညာခန်းမ၌ကျင်းပရာ ပန်းတနော်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ကလေးစာပေပွဲတော် Theme Song ကို သီဆို၍ အခမ်းအနားဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့စီစဉ်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တွင် ပန်းတနော်မြို့နယ်သည် ၁၀ မြို့နယ်မြောက်ကျင်းပသည့် ကလေးစာပေပွဲတော်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ကျောင်းနေအရွယ်ကလေးများ ပညာဗဟုသုတရရှိစေရန်နှင့် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများဖြစ်လာစေရန်ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ မိဘပြည်သူများနှင့် ကလေးငယ်များ ကလေးစာပေပွဲတော်တွင် လာရောက်ပူးပေါင်းပါဝင်ခြင်းဖြင့် ဥာဏ်ရည်မြင့်မားပြီး တစ်ဦးချင်းမှသည် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အထကောင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ ကလေးစာပေပွဲတော်ကို ကျင်းပပေးခြင်းဖြစ်ကြောင်း၊ အစိုးရနှင့်ပြည်သူ လက်တွဲပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြသည့် ကလေးစာပေပွဲတော်ကြီးဖြစ်ပါကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပွဲတော်တွင် ပြသထားသည့်ပြခန်းများနှင့် ကလေးများ ပြိုင်ပွဲအသီးသီးတွင် ပါဝင်ယှဉ်ပြိုင်မှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ကျောင်းသား ကျောင်းသူ ၆၀၀၀ ခန့် ပါဝင်ဆင်နွှဲ

ပွဲတော်တွင်ပြသထားသည့် ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများပြခန်း၊ ဦးသန့်ပြခန်း၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကျန်းမာရေး၊ ကွန်ပျူတာနည်းပညာပြခန်း၊ ဒေသထွက်ပန်းတနော်သင်ဖြူးဖျာနှင့် ကြိမ်ထည်ပြခန်း၊ ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း၊ ပညာရေးသင်ထောက်ကူပြခန်း၊ အမေ့သားအမှိုက်သိမ်းအဖွဲ့ Recycle လှုပ်ရှားမှုမှတ်တမ်းပြခန်း၊ ရိုးရာခြင်းအလှခတ်ဖျော်ဖြေခြင်းများ ထည့်သွင်းပြသထားကြောင်းနှင့် တစ်ရက်လျှင် ကျောင်းသား ကျောင်းသူ ၆၀၀၀ ခန့် ပါဝင်ဆင်နွှဲရန် စီစဉ်ထားကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများ ကလေးစာပေပွဲတော် (ပန်းတနော်) အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

သတင်းနှင့်ဓာတ်ပုံ– ခရိုင် (ပြန်/ဆက်)

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ တတိယအကြိမ် ဖန်ပြွန်သန္ဓေသား အောင်မြင်စွာမွေးဖွား

ရန်ကုန် ဒီဇင်ဘာ ၁၃

၇ ပေါင် ၇ အောင်စရှိ တတိယအကြိမ် ဖန်ပြွန်သန္ဓေသား မိန်းကလေးတစ်ဦးကို ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ ဒီဇင်ဘာ ၁၁ ရက် နံနက် ၇ နာရီ ၄၉ မိနစ်တွင် ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ပြုံးကြည်နှင့် သားဖွား/ မီးယပ်ပညာဌာန ပါမောက္ခဌာနမှူး ပါမောက္ခ ဒေါက်တာ ဒေါ်နွယ်မာထွန်းတို့ ဦးဆောင်မှုဖြင့် ပါမောက္ခ ဒေါက်တာ ဒေါ်ခင်လတ်၊ ခွဲစိတ်ဆရာဝန်ကြီးများနှင့် ဆရာမများက အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးခဲ့ကြောင်း သိရသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်ပြုံးကြည်

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်ပြုံးကြည်က "ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)မှာ Fertility Centre ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလကစပြီး ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုနဲ့ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီ စင်တာကနေ ဖန်ပြွန်သန္ဓေသားမွေးဖွားပေးတာ ဒီနေ့မွေးတာပါဆိုရင် တတိယမြောက် အောင်မြင်စွာ မွေးဖွားခဲ့တာဖြစ်ပါတယ်။ Fertility Centre မှာဆိုရင် ကျွမ်းကျင်တဲ့ သားဖွား/မီးယပ် ပါမောက္ခဆရာဝန်ကြီးတွေ ဦးဆောင်ပြီး ဆရာမတွေ၊ ကျွမ်းကျင်တဲ့ ဓာတ်ခွဲခန်းဝန်ထမ်းတွေက ပထမဦးဆုံး သားသမီးမရရှိနိုင်တဲ့ ဇနီးမောင်နှံတွေ ဘာကြောင့် သားသမီးမရရှိနိုင်လဲဆိုတာ စစ်ဆေးမေးမြန်းရပါတယ်။ ရောဂါရာဇဝင်ကို မေးကြတယ်။ သားသမီးမရတဲ့ အကြောင်းရင်းကို ရှာတယ်။ ဒုတိယအဆင့်က သားသမီးရရှိဖို့အတွက် ကူညီတဲ့အဆင့်၊ သဘာဝအတိုင်းရရှိဖို့အတွက် တိုင်ပင်ဆွေးနွေးခြင်းနဲ့ ကလေးရသွားတာတွေလည်း ရှိပါတယ်။ နောက်တစ်ဆင့်က မျိုးဥကြွေဆေးကို ကျွေးပြီး သဘာဝအတိုင်းပဲ ကလေးရအောင် ကူညီပေးတာရှိပါတယ်။ အဲဒီလိုမျိုးနဲ့မှမရဘူးဆိုရင် IUI ဆိုတာ သန့်စင်ပြီးတဲ့ ဖခင်ရဲ့ သုက်ပိုးကို မိခင်ရဲ့ သားအိမ်ထဲကို အချိန်တန်ရင် တိုက်ရိုက်ထည့်ပေးတာ။ အဲဒီနည်းနဲ့လည်း သားသမီးရအောင် ဆောင်ရွက်ပေးပါတယ်။ နောက်တစ်ဆင့်က ဒီနေ့ အောင်မြင်စွာမွေးဖွားပေးခဲ့တဲ့ ဖန်ပြွန်သန္ဓေသားနည်းပါပဲ။ နောက်တစ်မျိုးက အမျိုးသားရဲ့သုက်ပိုးကို အမျိုးသမီးရဲ့ သန့်စင်ပြီးတဲ့ သားအိမ်ထဲကို သားဥကြွေမယ့်အချိန်မှာ ထည့်ပေးတဲ့နည်း။ နည်းမျိုးစုံနဲ့ ကျွန်မတို့က ဒီလုပ်ငန်းကို ဆောင်ရွက်ပေးနေပါတယ်။

ဖန်ပြွန်သန္ဓေသားနည်းကို အရင်ဆုံးစပြီး မရွေးချယ်ခိုင်းပါဘူး။ အလွယ်ဆုံးနည်းက အကြောင်းမရှိဘဲ ကြန့်ကြာနေတဲ့ ဇနီးမောင်နှံတွေ သဘာဝအတိုင်း တိုင်ပင်ဆွေးနွေးရင်းနဲ့ ရသွားတဲ့သူရှိပါတယ်။ တချို့ကလည်း အိမ်ထောင်ကျတာ နောက်ကျနေပြီး အဲဒီအခါကျတော့ တစ်ဆင့်ပြီးတစ်ဆင့် လုပ်နေတဲ့အချိန်ဆိုရင် ကြာနိုင်တယ်။ ဖန်ပြွန်သန္ဓေသားနည်းကို သဘာဝအတိုင်း မရတော့မှ သုံးပါတယ်။ ဖန်ပြွန်သန္ဓေသားနည်းက နည်းပညာတွေကလည်း အဆင့်ဆင့်ရှိတယ်။ အဆောက်အဦ စက်ပစ္စည်းတွေက သုံးစွဲရတာ အလွန်ကျယ်ပြန့်ပါတယ်၊ ဒါကြောင့် ဖန်ပြွန်သန္ဓေသားက တော်တော်လေး နည်းပညာဆန်းသစ်တယ်။ ဆေးရုံတိုင်းမှာလည်း မလုပ်နိုင်ပါဘူး။ ကျွန်မတို့ရဲ့ဗဟိုအမျိုးသမီးဆေးရုံကြီးက ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ နိုင်ငံပိုင်ဆေးရုံကြီးဖြစ်တယ်။ ဒီဆေးရုံကြီးမှာ ဖန်ပြွန်သန္ဓေသားလုပ်ဖို့ဆိုတာ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ပံ့ပိုးမှုရယ်၊ ပထမဦးဆုံး ကျွန်မတို့ရဲ့ဗဟိုအမျိုးသမီးဆေးရုံကြီးက သားဖွား/မီးယပ် အထူးကုဆရာဝန်ကြီးတွေ၊ ပညာရှင်တွေနဲ့ပူးပေါင်းပြီး နိုင်ငံခြားက ပညာရှင်တွေကို ဖိတ်ခေါ်တယ်။ ကျွန်မတို့ကလည်း နိုင်ငံခြားကိုလွှတ်ပြီး နည်းပညာတွေကို ဖလှယ်တယ်။ အဲဒီလိုမျိုး ရရှိလာတဲ့နည်းတွေထဲက ဒီ ဖန်ပြွန်သန္ဓေသားနည်းကို တက်လှမ်းခဲ့တာ ဖြစ်ပါတယ်" ဟု ပြောသည်။

ဆက်လက်၍ "ကျွန်မတို့ဆေးရုံရဲ့ Fertility Centre မှာ ဖန်ပြွန်သန္ဓေသားနည်းနဲ့ သန္ဓေတည်ဖို့ဆိုရင် သာမန်ဆေးခန်းတွေ၊ ဆေးရုံတွေမှာ ဆောင်ရွက်လို့မရပါဘူး။ နည်းပညာလည်း အလွန်လိုအပ်ပါတယ်။ ဒီဆေးရုံမှာ စိန်ခေါ်မှုက အဆောက်အဦပိုင်းဆိုင်ရာ၊ စက်ပစ္စည်းကိရိယာပိုင်းဆိုင်ရာတွေက နိုင်ငံတကာတွေမှာ ဖန်ပြွန်သန္ဓေသားဌာနတွေမှာ တော်တော်ကို အဆင့်အတန်းမီတာကြောင့် ဖန်ပြွန်သန္ဓေသားနည်းက အောင်မြင်ကြတယ်။ ကျွန်မတို့မှာ ရှိတဲ့ ပညာရှင်တွေကလည်း နိုင်ငံတကာမှာရှိတဲ့ ပညာရှင်တွေနဲ့ပူးပေါင်းပြီး ပညာရှင်အဆင့်က တော်တော်လေး အဆင့်အတန်းမီလာပါပြီ။ ပထမဦးဆုံး ဖန်ပြွန်သန္ဓေသားတုန်းက တရုတ်ပြည် ဟိုင်နန်တက္ကသိုလ်က ပညာရှင်တွေနဲ့ ပေါင်းပြီး သန္ဓေသားရအောင် ဆောင်ရွက်ခဲ့တာပါ။ ဒုတိယအကြိမ်နဲ့ အခု တတိယအကြိမ်မှာ ကျွန်မတို့ပညာရှင်တွေကိုယ်တိုင် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါ အခက်အခဲက ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက စက်ပစ္စည်းကိရိယာတွေကို အများကြီးထောက်ပံ့ပေးထားပေမယ့် ဒီထက်ပိုကောင်းတဲ့ စက်ပစ္စည်း ကိရိယာတွေနဲ့ဆိုရင် သန္ဓေသားလေးတွေ မွေးဖွားအောင်မြင်မှုနှုန်းကလည်း ပိုမိုတိုးတက်လာနိုင်တယ်လို့ နိုင်ငံခြားပညာရှင်တွေကလည်း အမြဲတမ်းအကြံပြုဆွေးနွေးပါတယ်။ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာန အနေနဲ့ကျတော့ ပြည်သူတွေအားလုံးအတွက် အခြေခံဆေးဝါးလိုအပ်ချက်တွေကို အမြဲတမ်းထောက်ပံ့ရတယ်။ ဒီဆေးဝါးတွေကို အခမဲ့ပေးနိုင်ဖို့အတွက် ထောက်ပံ့ရတဲ့အတွက်ကြောင့် ဖန်ပြွန်သန္ဓေသားမှာသုံးတဲ့ ခေတ်မီတဲ့ စက်ပစ္စည်းကိရိယာတွေကို ထောက်ပံ့မှုအချိန်အတိုင်းအတာတစ်ခု ကျွန်မတို့ စောင့်ရမှာပါ။ ဖန်ပြွန်သန္ဓေသားနည်းနဲ့ ပတ်သက်တဲ့ ဆေးဝါးတွေကိုတော့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကို တင်ပြခွင့်ပြုချက်တောင်းပြီး အခမဲ့ပေးနိုင်ခြင်း မရှိသေးပါဘူး။ ဖန်ပြွန်သန္ဓေသားနဲ့ ပတ်သက်တဲ့ စက်ပစ္စည်းဖိုးရယ်၊ ပညာရှင်တွေရယ်၊ နေ့တိုင်း ပြင်ပလူနာဌာနမှာ အခမဲ့ကြည့်ပေးနေပါတယ်။ အဲဒီမှာသုံးတဲ့ဆေးဝါးတွေက အခြေခံဆေးဝါးတွေမဟုတ်တဲ့ အတွက်ကြောင့် ဒီဆေးဝါးဖိုးကိုတော့ သားသမီးလိုချင်တဲ့ မိဘတွေက ကျခံရမှာပါ။ တစ်ယောက်နဲ့ တစ်ယောက် ဆေးဝါးနဲ့ ဆေးထိုးရတဲ့အဆင့် ကွာခြားတဲ့အတွက် ကုန်ကျစရိတ်ကလည်း မတူညီကြပါဘူး"ဟု ဆေးရုံအုပ်ကြီးက ပြောသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) Fertility Centre ၌ သားသမီးမရနိုင်သည့် ဇနီးမောင်နှံများအတွက် သဘာဝအတိုင်းရရှိရန် တိုင်ပင်ဆွေးနွေး အသိပညာပေးလမ်းညွှန်ခြင်း၊ မျိုးဥကြွေဆေးကျွေး၍ သဘာဝအတိုင်းရရှိရန် ကူညီခြင်း၊ သားအိမ်အတွင်းသို့ သန့်စင်ပြီး သုက်ပိုးထည့်ပေးခြင်း၊ ဖန်ပြွန်သန္ဓေသားထည့်ခြင်း၊ အမျိုးသမီးသားဥအတွင်းသို့ အမျိုးသားသုက်ပိုးကို Micro Needle ဖြင့် ထည့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တတိယမြောက် ဖန်ပြွန်သန္ဓေသား သမီးကလေး၏ ဖခင်ဖြစ်သူ ကိုလေးအောင်က "ကျွန်တော်တို့က ရန်ကုန်မြို့ လှည်းတန်းကပါ။ မိခင်က မဝင်းဝင်းထွေး အသက် ၃၅ နှစ်ပါ။ ၂၀၁၁ ခုနှစ်မှာ အိမ်ထောင်ကျပါတယ်။ ဒီဆေးရုံမှာ သားသမီးရအောင် လုပ်လို့ရတယ်ဆိုလို့ ကြိုးစားကြည့်တာ။ ပထမက သားအိမ်ထဲကို သန့်စင်တဲ့သုက်ပိုးကို ထည့်တဲ့ (IUI) နည်းနဲ့လုပ်တယ်။ အဆင်မပြေဘူး။ အဲဒါနဲ့ ဒီ ဖန်ပြွန်သန္ဓေသား(IVF)နည်းနဲ့လုပ်တာ လေးခါမြောက်မှ အောင်မြင်တယ်။ သုံးနှစ်လောက် ကြိုးစားရတယ်။ အခုဒါက သမီးဦးလေးပါ။ မိခင်ရော ကလေးပါ ကျန်းမာကြတယ်။ ဖန်ပြွန်သန္ဓေသားဆိုတော့ သာမန်ကလေးတွေထက် ပိုပြီး ဂရုစိုက်ရပါတယ်။ ဒီဆေးရုံက ဆရာဝန်ကြီးတွေ၊ ဆရာမတွေကလည်း အလွန်ဂရုစိုက်ပါတယ်။ အခုလို ကလေးရတော့ ဝမ်းသာပျော်ရွှင်မိပါတယ်။ ကလေးလိုချင်ရင် ဒီစင်တာမှာ လာရောက်ပြသစေချင်ပါတယ်။ ဖွဲမလျှော့ပါနဲ့လို့ ပြောချင်ပါတယ်" ဟု ပြောသည်။

ဖန်ပြွန်သန္ဓေသားအား တတိယအကြိမ်မြောက် အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည့် ခွဲစိတ်ဆရာဝန်ကြီးများ၊ ဆရာမများအား ဖန်ပြွန်သန္ဓေသား ကလေးငယ်နှင့်အတူ တွေ့ရစဉ်။

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) Fertility Centre ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ပထမအကြိမ် ဖန်ပြွန်သန္ဓေသားကို ၂၀၁၈ ခုနှစ် ဇွန် ၁၂ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ဆေးတက္ကသိုလ်မှ ပညာရှင်များနှင့်ပူးပေါင်း၍ အောင်မြင်စွာ မွေးဖွားပေးခဲ့ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် ဒုတိယအကြိမ် ဖန်ပြွန်သန္ဓေသားနှင့် ယနေ့တွင် တတိယအကြိမ် ဖန်ပြွန်သန္ဓေသားတို့ကို ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)မှ ပညာရှင် ပါမောက္ခ ဆရာဝန်ကြီးများနှင့် ဆရာဝန်၊ ဆရာမများက အောင်မြင်စွာ မွေးဖွားခဲ့ကြောင်း သိရသည်။

သတင်းဆောင်းပါး၊ ဓာတ်ပုံ – ရီရီမြင့်

ကမ္ဘာ့အကြီးဆုံး ခရစ်ကက်အားကစားရုံကြီး အိန္ဒိယတွင် တည်ဆောက်လျက်ရှိ

နယူးဒေလီ ဒီဇင်ဘာ ၁၃

ပွဲကြည့်ပရိသတ် တစ်သိန်းတစ်သောင်းခန့်ဆံ့မည့် ကမ္ဘာ့အကြီးဆုံး ခရစ်ကက်အားကစားရုံကြီးကို အိန္ဒိယတွင် တည်ဆောက်လျက်ရှိပြီး လာမည့်နှစ် အစောပိုင်းတွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာပွဲကို ပထမဆုံး အကြိမ်အဖြစ် လက်ခံကျင်းပသွားနိုင်ဖွယ်ရှိသည်ဟု သိရသည်။

အားကစားရုံ အသစ်ကြီးကို အာမီဒါဘတ်မြို့တွင် တည်ဆောက်နေပြီး အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဝန်းကျင် အကုန်အကျခံဆောက်လုပ်နေခြင်းဖြစ်သည်။ သြစတြေးလျနိုင်ငံရှိ Melbourne Cricket Ground အားကစားရုံထက် ယခုအိန္ဒိယတွင် တည်ဆောက်နေသည့် ခရစ်ကက်အားကစားရုံမှာ ပွဲကြည့်ပရိသတ် ပိုမိုဝင်ဆံ့မည်ဖြစ်သည်။ သြစတြေးလျရှိ အဆိုပါအားကစားရုံမှာ ပွဲကြည့်ပရိသတ် တစ်သိန်းခန့်သာ ဝင်ဆံ့သည်။

ဆာဒါပတ်တယ် အားကစားရုံသည် မတ်လအတွင်း ပထမဆုံး အားကစားပြိုင်ပွဲကို လက်ခံကျင်းပနိုင်ဖွယ်ရှိသည်။ အားကစားရုံကြီးအတွင်း သက်သောင့်သက်သာဖြင့် ကြည့်ရှုနိုင်မည့် အခန်းပေါင်း ၇၀၊ အဝတ်အစားလဲလှယ်ခန်း လေးခန်းနှင့် အိုလံပစ်အရွယ်အစား ရေကူးကန်တစ်ခုပါဝင်မည်ဖြစ်သည်။ အဆိုပါ အားကစားရုံကြီးကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်းမှ စတင်ကာ ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

အေအက်ဖ်ပီ

ကမ္ဘာ့အကြီးဆုံး ခရစ်ကက်အားကစားရုံကြီး တည်ဆောက်နေမှုကို တွေ့ရစဉ်။

ရွေးကောက်ပွဲအနိုင်ရပြီးနောက် ဘရက်ဆစ်ကို ဆုံးခန်းတိုင်လုပ်ဆောင်မည်ဟု ဂျွန်ဆင်ပြော

လန်ဒန် ဒီဇင်ဘာ ၁၃

ရွေးကောက်ပွဲ အနိုင်ရပြီးနောက် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် နိုင်ငံရေးအပြောင်းအလဲတစ်ခု အောင်မြင်စွာ လုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၁၃ ရက်က ဖော်ပြလိုက်သည်။ ၎င်း၏ပါတီ အနိုင်ရပြီးနောက် ကာလကြာရှည်စွာ ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်နေသည့် အီးယူမှ ဇန်နဝါရီလတွင် ဗြိတိန်ထွက်ခွာရေးကိစ္စ (ဘရက်ဆစ်)သည် ရှင်းလင်းပြတ်သားစွာ အကောင်အထည်ပေါ်လာတော့မည် ဖြစ်သည်။

ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ ကွန်ဆာဗေးတစ်ပါတီသည် အောက်လွှတ်တော်အမတ်နေရာ ၃၆၄ နေရာ ရရှိထားပြီး ယင်းပမာဏသည် ၁၉၈၀ ပြည့်လွန်နှစ်များက မာဂရက်သက်ချာရရှိခဲ့သော အမတ်နေရာပြီးနောက် အများဆုံးရရှိခဲ့သည့် ပမာဏဖြစ်သည်။

သုံးနှစ်ကျော်ကြာခဲ့သော ဘရက်ဆစ်ကိစ္စကို အဆုံးသတ်မည်ဖြစ်ကြောင်း ဘောရစ်ဂျွန်ဆင်က ၎င်း၏ အောင်ပွဲခံမိန့်ခွန်းတွင် ပြောကြားလိုက်သည်။ အီးယူမှ ဗြိတိန်ထွက်ခွာရေးကို ဇန်နဝါရီ ၃၁ ရက်တွင် အပြီးတိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သို့သော်လည်း ယခုတစ်ကြိမ်တွင် လေဘာပါတီအနေဖြင့် ဒုတိယကမ္ဘာစစ်မှစကာ အဆိုးရွားဆုံးရလဒ်ကို ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လေဘာပါတီခေါင်းဆောင် ဂျရယ်မီကော်ပြန်းအနေဖြင့် ၎င်းထွက်ခွာရန် တွန်းအားဖြစ်စေခဲ့သည်။

ဘောရစ်ဂျွန်ဆင်သည် ၎င်း၏ ကတိအတိုင်း ဗြိတိန်၏ အနာဂတ်ကို မသေချာမှုများဖြစ်စေခဲ့သည့် ဘရက်ဆစ်အရေးကို ပြီးဆုံးအောင်လုပ်မည်ဟု ပြောခဲ့သည်။ **အေအက်ဖ်ပီ**

ရွေးကောက်ပွဲအနိုင်ရရှိခဲ့သည့် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်။

တိုင်းမ်မဂ္ဂဇင်း၏ ၂၀၁၉ ခုနှစ် အထူးခြားဆုံးပုဂ္ဂိုလ်အဖြစ် ဆွီဒင်တက်ကြွလှုပ်ရှားသူ ဂရီတာသွန်းဘာ့ဂ်ျကို ရွေးချယ်

ဝါရှင်တန် ဒီဇင်ဘာ ၁၃

၂၀၁၉ ခုနှစ်၏ အထူးခြားဆုံးပုဂ္ဂိုလ်အဖြစ် ရာသီဥတုပြောင်းလဲရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဆွီဒင်တက်ကြွလှုပ်ရှားသူ ဂရီတာသွန်းဘာ့ဂ်ျကို နာမည်ကျော် တိုင်းမ်မဂ္ဂဇင်းက ရွေးချယ်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဒီဇင်ဘာ ၁၃ ရက်က ဖော်ပြခဲ့သည်။

တိုင်းမ်မဂ္ဂဇင်းအယ်ဒီတာချုပ် အက်ဝက် ဖယ်ဆယ်တယ်က အင်န်ဘီစီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ယခုလို ရွေးချယ်လိုက်သည့် အကြောင်းကို ပြောကြားခဲ့ကြောင်း သိရသည်။

ဂရီတာသွန်းဘာ့ဂ်ျသည် ယခုနှစ်အတွင်း ကမ္ဘာကြီးကြုံတွေ့နေရသည့် အကြီးမားဆုံးအရေးကိစ္စကို အများသိအောင် ပြောဆိုနိုင်သူဖြစ်ကြောင်း တိုင်းမ်မဂ္ဂဇင်းအယ်ဒီတာချုပ်က ပြောကြားခဲ့သည်။

၂၀၁၉ ခုနှစ် အထူးခြားဆုံးပုဂ္ဂိုလ်အဖြစ် ရွေးချယ်လိုက်သည့် ဂရီတာသွန်းဘာ့ဂ်ျသည် ရွေးချယ်ခံရသူများထဲတွင် အသက်အငယ်ဆုံးဖြစ်ကြောင်း သိရသည်။ အသက် ၁၅ နှစ်အရွယ် သွန်းဘာ့ဂ်ျသည် သောကြာနေ့တစ်ရက်တွင် ကျောင်းချိန်အတွင်း ဆွီဒင်ပါလီမန်ရှေ့ တစ်ဦးတည်း ဆန္ဒပြရာမှ ရာသီဥတုပြောင်းလဲရေး ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုကြီးကို စတင်ခဲ့ခြင်းဖြစ်သည်။

ထိုအချိန်မှစကာ သောကြာနေ့သည် အနာဂတ်အတွက်ဆိုသည့် ဆောင်ပုဒ်နှင့် နိုင်ငံပေါင်း ၁၅၀ မှ လူသန်းပေါင်းများစွာ ပါဝင်ခဲ့သည့် လှုပ်ရှားမှုကြီးသည် ကမ္ဘာကြီးကို ကိုယ်စားပြုပြီး ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း တိုင်းမ်မဂ္ဂဇင်း အယ်ဒီတာချုပ်က ပြောသည်။

ဂရီတာသွန်းဘာ့ဂ်ျသည် အသက် ၁၆ နှစ်အရွယ်တွင် ယခုလို ဂုဏ်ပြုရွေးချယ်ခံရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

အေအက်ဖ်ပီ

နယူးဇီလန်၌ မီးတောင်ပေါက်ကွဲမှုကြောင့် လူသေအလောင်းခြောက်လောင်း တွေ့ရှိပြီးနောက် နောက်ထပ်အလောင်းများကို ကျွန်းဖြူကျွန်းတစ်ဝိုက် ရှာဖွေနေ

ဝယ်လင်တန် ဒီဇင်ဘာ ၁၃

နယူးဇီလန်နိုင်ငံ ကျွန်းဖြူကျွန်းပေါ်ရှိ မီးတောင်အနီးတွင် ပျောက်ဆုံးနေသည့် အလောင်းနှစ်လောင်းကို ဆက်လက်ရှာဖွေနိုင်ရေး နယူးဇီလန်ရဲများက ကျွန်းတစ်ဝိုက်တွင် ရေငုပ်သမားများကို ဖြန့်ကြက်ချထားခဲ့ကြောင်း သိရသည်။ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပြီးနောက် အလောင်းခြောက်လောင်းကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါမီးတောင် တနင်္လာနေ့က ပေါက်ကွဲခဲ့စဉ် ကျွန်းပေါ်တွင် လူ ၄၇ ဦး ရှိနေခဲ့သည်။ ထို့နောက် လူ ရှစ်ဦး ပျောက်ဆုံးနေခဲ့ပြီး ပျောက်ဆုံးနေသူများမှာ သေဆုံးသွားပြီဟု ယူဆရသည်။

နောက်ထပ် လူ ရှစ်ဦးသေဆုံးသွားပြီဟု အတည်ပြုနိုင်ခဲ့ပြီး လူ ၂၀ ခန့်မှာ ဆိုးရွားစွာမီးလောင်ခံထားရ၍ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူလျက်ရှိသည်။ မီးတောင်ပေါက်ကွဲမှု နောက်ထပ်ဖြစ်လာနိုင်သော်လည်း အန္တရာယ်ကြားမှပင် ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို ဒီဇင်ဘာ ၁၃ ရက်တွင် လုပ်ဆောင်ခဲ့သည်။ ပျောက်ဆုံးနေသည့် အလောင်းနှစ်လောင်း ရှာဖွေမှုကို ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းအထိ ဆက်လက်လုပ်ဆောင်သွားမည်ဟု နယူးဇီလန်ရဲများက ပြောသည်။

အလောင်းရှာဖွေရေးလုပ်ငန်းများ နှောင့်နှေးရခြင်းမှာ ကယ်ဆယ်ရေးသမားများအတွက် အသက်အန္တရာယ်စိုးရိမ်ရသည့်အတွက်ကြောင့်လည်း ဖြစ်သည်။ နယူးဇီလန် ကာကွယ်ရေးတပ်မှ အထူးတပ်ဖွဲ့ဝင်ရှစ်ဦးသည် ရဟတ်ယာဉ်ဖြင့် အဆိုပါကျွန်းပေါ်သို့ သွားရောက်ခဲ့ပြီး အလောင်းရှာဖွေရေးလုပ်ငန်းများကို နာရီပေါင်းများစွာကြာအောင် လုပ်ဆောင်ခဲ့သည်။ ၎င်းတို့သည် ရေတပ်မှ ကင်းလှည့်ယာဉ်များကို အသုံးပြု၍ ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ရှာဖွေတွေ့ရှိခဲ့သည့် အလောင်းများကို ကုန်းပေါ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

အကယ်၍ မီးတောင် နောက်တစ်ကြိမ်ပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့ပါက ရှာဖွေရေးအဖွဲ့သားများအတွက် ကျောက်ရည်ပူများစဉ်ခြင်း၊ ပြင်းထန်သည့်အပူလှိုင်းဒဏ်ခံရခြင်း၊ ပြာနှင့် ကျောက်တုံးများ လွင့်စဉ်လာနိုင်ခြင်း အစရှိသည့် အန္တရာယ်များနှင့် ကြုံတွေ့လာနိုင်ဖွယ်ရှိကြောင်း မီးတောင်ပညာရှင်များက သတိပေးခဲ့သည်။ **ဘီဘီစီ**

ကျွန်းဖြူကျွန်းအနီးတစ်ဝိုက်တွင် ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ်။

အခြေခံပညာရေးဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

၄၁။ ဝန်ကြီးဌာနသည် အစိုးရကျောင်းများရှိ ဆရာများအား ယင်းတို့တာဝန်ထမ်းဆောင်နေသော ပညာရေးအဆင့်အတွင်း အရည်အချင်း၊ အတွေ့အကြုံ၊ စွမ်းဆောင်ရည်နှင့် ထူးချွန်မှုအလိုက် ရာထူးအဆင့်တိုးမြှင့်ခြင်း၊ ချီးမြှင့်ခြင်းနှင့် နေရာပြောင်းရွှေ့ခြင်းတို့ကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်နှင့် မြို့နယ်အဆင့်လိုက် ခွဲဝေတာဝန်ပေး၍ စီမံဆောင်ရွက်ရမည်။

၄၂။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ သင်ကြားမှုစွမ်းဆောင်ရည်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းအခြေပြု ဆရာအတတ်ပညာအစီအစဉ်များအပါအဝင် လေ့လာသင်ယူရန် အခွင့်အလမ်းများ ဖန်တီးပေးရမည်။

အခန်း (၁၀)

ကျောင်းသား၊ မိဘနှင့် ပြည်သူလူထု၏
အခြေခံပညာရေးဆိုင်ရာ အခွင့်အရေးနှင့် တာဝန်များ

၄၃။ အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ယူနေသော ကျောင်းသားများသည် အောက်ဖော်ပြပါ အခွင့်အရေးများ ရရှိစေရမည် -

(က) အခြေခံပညာကို ပြီးမြောက်သည်အထိ သင်ယူခွင့်၊

(ခ) သက်ဆိုင်ရာအဆင့်အလိုက် တက်ရောက်နိုင်သော နည်းပညာနှင့် သက်မွေးပညာရေးကျောင်းများသို့ ကူးပြောင်းတက်ရောက်လိုက ကူးပြောင်းတက်ရောက်ခွင့်၊

(ဂ) ပညာသင်ဆုနှင့် ထောက်ပံ့ကြေးများကို သတ်မှတ်ချက်များနှင့်အညီ လူမျိုး၊ ဘာသာ၊ အမျိုးသား၊ အမျိုးသမီးစသည့် မည်သည့် ခွဲခြားမှုမျှမရှိဘဲ ခံစားခွင့်၊

(ဃ) အခြေခံပညာကျောင်းများတွင် ကျောင်းကောင်စီနှင့် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခွင့်။

၄၄။ အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ယူနေသော ကျောင်းသားများသည် အောက်ဖော်ပြပါတာဝန်များကို ထမ်းဆောင်ရမည် -

(က) နိုင်ငံတော်ကသတ်မှတ်သည့် အခမဲ့မသင်မနေရ ပညာရေးအဆင့်ပြီးမြောက်သည်အထိ သင်ယူရေး၊

(ခ) ကျောင်းသားတိုင်းသည် ကျောင်းစည်းကမ်းများကို လိုက်နာပြီး ပညာကို ကြိုးစားလေ့လာသင်ယူ၍ အများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊

(ဂ) ကိုယ်ကျင့်တရားကောင်းမွန်ပြီး ပြည်သူ့နီတိနှင့် ဒီမိုကရေစီအလေ့အကျင့်များ၊ လူ့အခွင့်အရေးများကို တန်ဖိုးထားသည့်အပြင် တာဝန်သိစိတ်၊ တာဝန်ယူစိတ်၊ စူးစမ်းရှာဖွေလေ့လာလိုသော စိတ်နှင့် အမြင်ကျယ်မှုရှိသောသူများ ဖြစ်လာရန်အတွက် ကြိုးစားအားထုတ်ရေး။

၄၅။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အောက်ဖော်ပြပါ အခွင့်အရေးများ ရရှိစေရမည် -

(က) ဤဥပဒေ ပုဒ်မ ၇ အရ တည်ထောင်ဖွင့်လှစ်ထားသော မည်သည့်ကျောင်းတွင်မဆို သတ်မှတ်ချက်နှင့် ညီညွတ်ပါက မိမိကလေးကို ကျောင်းအပ်ပိုင်ခွင့်၊

(ခ) အခြေခံပညာကျောင်းများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးနှင့် ကျောင်းအရည်အသွေး မြင့်မားရေးတို့အတွက် ကျောင်းနှင့်ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဂ) ကျောင်းသားများကို တာဝန်သိစိတ်၊ တာဝန်ယူစိတ်၊ စူးစမ်းရှာဖွေလေ့လာလိုသောစိတ်နှင့် အမြင်ကျယ်မှုရှိသောသူများ ဖြစ်စေရေးနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိဘဆရာအသင်း၏ လုပ်ငန်းများတွင် အကြံပြုခွင့်၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်။

၄၆။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အောက်ဖော်ပြပါ တာဝန်များကို ထမ်းဆောင်ရမည် -

(က) မိမိတို့၏ ကျောင်းနေအရွယ်ကလေးများကို အခြေခံပညာသင်ယူပြီးမြောက်ရေးအတွက် သက်ဆိုင်ရာကျောင်းသို့ ကျောင်းအပ်နှံရေး၊ ကျောင်းနေမြဲရေးနှင့် ယင်းပညာရေးအဆင့် ပြီးမြောက်သည်အထိ သင်ယူစေရေး၊

(ခ) မိမိတို့ကလေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ စဉ်ဆက်မပြတ်သင်ယူမှု အခွင့်အလမ်းများ ရှိစေရန်နှင့် သင်ယူမှုဝန်းကျင်ကောင်း ဖန်တီးပေးရေးအတွက် ကျောင်းစီမံခန့်ခွဲမှုကော်မတီ၊ ဆရာ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့၊ သက်ဆိုင်သူများ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး။

၄၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုသည် ကျောင်းဘက်စုံဖွံ့ဖြိုးရေးအတွက် ပံ့ပိုးမှုများနှင့် အကြံဉာဏ်များပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။

၄၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုသည် အောက်ဖော်ပြပါ လုပ်ငန်းများကို ထမ်းဆောင်ရန် တာဝန်ရှိသည် -

(က) မိမိရပ်ရွာဒေသရှိ ကျောင်းနေအရွယ်ကလေးများကို အခြေခံပညာပြီးမြောက်ရေးအတွက် ဝိုင်းဝန်းကူညီရေး၊

(ခ) မိမိရပ်ရွာဒေသတွင် ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးရေး၊

(ဂ) ပြည်သူများ၏ လူနေမှုအဆင့်အတန်းတိုးတက်စေရန်နှင့် အသိဉာဏ်ပညာ မြင့်မားစေရန်တို့အတွက် ရပ်ရွာအခြေပြု ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ရေး။

အခန်း (၁၁)

ဘဏ္ဍာရေး

၄၉။ သူငယ်တန်းပညာရေးနှင့် အခြေခံပညာရေးအဆင့်အလိုက် ပညာရေးလုပ်ငန်းများအတွက် နှစ်စဉ်ဘဏ္ဍာငွေလိုအပ်ချက်ကို ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာနများက ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံရမည်။

၅၀။ ဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများ၊ ရုံးများနှင့် ကျောင်းများသည် ပြည်တွင်း ပြည်ပ ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သတ်မှတ်ချက်နှင့်အညီ စိစစ်လက်ခံနိုင်သည်။

၅၁။ ဦးစီးဌာန၊ သက်ဆိုင်ရာ ဦးစီးဌာနများ၊ ရုံးများနှင့် ကျောင်းများသည် -

(က) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သုံးစွဲပြီးစာရင်းဇယားမှတ်တမ်းများကို အလှူရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၅၀ အရ လက်ခံရရှိသော ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ပညာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် ထိရောက်စွာ သုံးစွဲရမည်။

(ဂ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။

အခန်း (၁၂)

အထွေထွေ

၅၂။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများ၌ ပုဂ္ဂလိကအခန်းကဏ္ဍ၏ ပူးပေါင်းပါဝင်ခြင်းတို့ကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၅၃။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီ၊ ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်ရာ ဦးစီးဌာနများသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၄။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ပညာရေးဆိုင်ရာ ဥပဒေများအရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၅။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေးဥပဒေ (ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သုတေသနလုပ်ငန်းတွေ ပိုတိုးချဲ့လုပ်ဆောင်သွားဖို့ရှိသလို အခုညီလာခံကနေ ဖော်ထုတ်ဖို့ကြိုးစားနေတဲ့ တိုင်းရင်းဆေးပညာရပ်တွေကိုလည်း ဖော်ထုတ်ရာမှာ တစ်တပ်တစ်အားပါဝင်သွားဖို့ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၃

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေး ပညာရှင်များ နှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပလျက်ရှိပြီး တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများအား တွေ့ဆုံမေးမြန်းထားသည်များကို ဆက်လက်ဖော်ပြလိုက်ပါသည်။

ဦးအောင်သူလင်း

ဒေါ်မေဖြူအောင်နိုင်ဟိန်း

ဒေါ်ယဉ်ဝါနွယ်

ဦးခင်မောင်ဝင်း

ဦးအောင်သူလင်း
စိန်ဘယက်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

စိန်ဘယက်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းက အဘိုးသမားတော်ကြီး ဆရာမြိုင်ကိုယ်တိုင် နှစ်ရှည်လများ ရောဂါဝေဒနာအပေါင်းကို ကုသခဲ့တဲ့ အစွမ်းထက်တဲ့ တိုင်းရင်းဆေးဝါးများကို သမားစဉ်ဆက် ထိန်းသိမ်းဖော်ထုတ်ဖြန့်ချိခဲ့တာနှစ်ပေါင်း ၃၀ ကျော်ပါပြီ။ လက်ရှိမှာတော့ ကျွန်တော်တို့လူငယ်တွေရဲ့ တာဝန်ကျလာပါပြီ။ တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သုတေသနလုပ်ငန်းတွေ ပိုတိုးချဲ့လုပ်ဆောင်သွားဖို့ရှိသလို အခုညီလာခံကနေ ဖော်ထုတ်ဖို့ကြိုးစားနေတဲ့ တိုင်းရင်းဆေးပညာရပ်တွေကိုလည်း ဖော်ထုတ်ရာမှာ တစ်တပ်တစ်အား ပါဝင်သွားဖို့ ရှိပါတယ်။

ဒေါ်မေဖြူအောင်နိုင်ဟိန်း
အဘာထတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

အကြိမ်(၂၀) မြောက်ကျင်းပတဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲမှာ ကျွန်မတို့ထုတ်လုပ်ရေးက ထုတ်လုပ်တဲ့ တိုင်းရင်းဆေးဝါးတွေကို ပြသခွင့်ရတာရောဒီအခမ်းအနားကို တက်ရောက်ရတဲ့အတွက်ပါ ဂုဏ်ယူပါတယ်။ ဒီထက်မကလည်း ပြည်သူတွေလိုအပ်တဲ့ မြန်မာ့တိုင်းရင်းဆေးကောင်းတွေကိုလည်း ထုတ်လုပ်သွားပါမယ်။ ညီလာခံကြီးလည်း နှစ်စဉ်နှစ်တိုင်း အောင်မြင်စွာ ကျင်းပနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

ဒေါ်ယဉ်ဝါနွယ် (ဓွဲရတနာဆေးတိုက်)
နည်းပြ (ငြိမ်း) တိုင်းရင်းဆေးပညာဦးစီးဌာန

မြန်မာ့တိုင်းရင်းဆေးပညာရပ်မှာ ပါဝင်တဲ့ နယ်ပယ်တွေဖြစ်တဲ့ ဆေးပညာသင်ကြားရေး၊ ကုသရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း၊ ပရဆေးဥယျာဉ်နှင့် ဆေးဖက်ဝင်စိုက်ပျိုးရေး၊ ဆေးဝါးဖော်စပ်မှုနှင့် ဆေးဝါးကုန်ကြမ်းများဆိုပြီး အားလုံးအချိုးညီ တိုးတက်စေဖို့ တိုင်းရင်းဆေးလောကသားများအားလုံး စွမ်းစွမ်းတမံ ကြိုးစားအားထုတ်မယ်ဆိုရင် တိုင်းရင်းဆေးဖြင့် ပြည်သူများကို ပိုမိုစောင့်ရှောက်မှုပေးနိုင်သလို တိုင်းရင်းဆေးလောက ဂုဏ်သိက္ခာ ပိုမိုမြင့်မားလာမယ်လို့ ယုံကြည်ပါတယ်။

ဦးခင်မောင်ဝင်း
ရွှေမန်းတောင်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

အခုညီလာခံမှာ တိုးတက်မှုတွေ အများကြီးတွေ့ရပါတယ်။ နက္ခတနယဆေးပညာ၊ ဝိဇ္ဇာနယဆေးပညာစတဲ့ ဆေးပညာတွေဟာ တိမ်မြုပ်ပျောက်ကွယ်လုနီးနေပြီ။ အဲဒီဆေးပညာတွေကို ဒီညီလာခံကြီးမှာ အကောင်အထည်ဖော်ဖို့ ညွှန်ကြားရေးမှူးချုပ်ကလည်း တွန်းအားပေးတယ်။ အကောင်အထည်ဖော်ဖို့အတွက်လည်း ဆုံးဖြတ်ချက် ချထားကြပါတယ်။ တိုင်းရင်းဆေးလောကမှာ ဒီပညာရပ်တွေက ဆန်းကြယ်ပါတယ်။ လုပ်ငန်းရှင်တွေအတွက်လည်း ကောင်းပါတယ်။

တွေ့ဆုံမေးမြန်း - သိမ့်သိမ့်မိုး
ဓာတ်ပုံ - ခင်ရတနာ

မည့်-မဲ့၊ လျှင်-ရင်၊ အလျှင်-အရင်

မောင်ခင်မင် (ဓနုဖြူ)

"ဆရာ၊ ဒုတိယအကြိမ်ထုတ်တဲ့ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းကို သမီးတို့ဝယ်ပြီးကြပါပြီ။ ဆရာပြောတဲ့အတိုင်း ဖြည့်စွက်ထားတဲ့စကားလုံးတွေကို ဘယ်လိုစာလုံးပေါင်းရမယ်ဆိုတာလည်း လေ့လာနေပါတယ်"

"ကောင်းပါတယ်ကွယ်။ ဒါဆိုရင် ဇဝေဇဝါဖြစ်စရာမရှိတော့ဘူးပေ့ါ"

"ဟုတ်ကဲ့ပါ။ တစ်ခုပါပဲဆရာ။ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းမှာမပါတဲ့ စာလုံးတွေကို ဘယ်လိုရေးရမလဲဆိုတာ စဉ်းစားစရာဖြစ်နေပါတယ်"

"စာလုံးပေါင်းသတ်ပုံကျမ်းမှာ မှားတတ်တဲ့ သတ်ပုံတွေကို ပဓာနထားပြီး ပြတာမို့ မပါရင်တော့ မှားစရာမရှိလို့ဖြစ်မယ်ထင်တယ်"

"ဘယ်လိုအသုံးမျိုးလဲဆရာ"

"အရင်တစ်ခါ ဆရာပြောဖူးပါတယ်။ 'မြည်သံစွဲ'လို့ခေါ်တဲ့ စကားလုံးတွေကို စဉ်းစားကြည့်လေ။ ဆိုပါတော့ကွာ။ သေနတ်သံကို ရေးရင် ဘယ်လိုရေးရမလဲ"

"ဒိုင်း လို့ရေးရပါမယ် ဆရာ"

"အဲဒီစာလုံးက စာလုံးပေါင်းသတ်ပုံကျမ်းမှာ မပါဘူးလေ။ ဘာဖြစ်လို့ မပါတာလဲလို့ စဉ်းစားကြည့်ရင် စာလုံးပေါင်းမှားစရာမရှိလို့ မပါတာလို့ ဆိုနိုင်တာပေ့ါ။ 'ဒိုင်း' ဆိုတဲ့အသံအတွက် စာလုံးပေါင်း ဒီတစ်မျိုးပဲ ရှိတယ်လေ"

"ဟုတ်ပါတယ် ဆရာ"

"ကဲ... သတ်ပုံကျမ်းမှာ ကြည့်လိုက်။ 'ဒိုင်း' မပါပေမယ့် 'ဒိတ် ဒိတ် (မြည်သံ)' ဆိုပြီး ပါတယ်မဟုတ်လား"

"ပါပါတယ် ဆရာ"

"နှလုံးခုန်တဲ့ အသံမျိုး 'တဒိတ်ဒိတ်ခုန်နေတယ်' လို့ရေးရင် 'ဒိတ်ဒိတ်'ပါရမှာလေ။ ဒါပေမယ့် ဒိတ်ဒိတ်ဆိုတဲ့အသံအတွက် 'ဒိပ်ဒိပ်' လို့လည်း ရေးနိုင်တယ်မဟုတ်လား။ စာလုံးပေါင်းပုံတစ်မျိုးထက်ပိုတော့ ဘယ်လိုပေါင်းရမယ်ဆိုတာသိအောင် 'ဒိတ်ဒိတ်'ကို ထည့်ပြရတာပေ့ါကွယ်"

"ရှင်းပါပြီဆရာ။ နောက်တစ်ခုက 'ပေမဲ့'ဆိုတဲ့စကားကို တချို့က 'ပေမဲ့' လို့ရေးပြီး တချို့က 'ပေမယ့်' လို့ ရေးတာတွေ့ပါတယ် ဆရာ"

"ဒီတော့"

"အရင် စာလုံးပေါင်းသတ်ပုံကျမ်းမှာ အဲဒီစာလုံးမပါပါဘူး"

"ဟုတ်ပါပြီ"

"ဒုတိယအကြိမ်ထုတ်တဲ့ စာအုပ်မှာတော့ မဲ့(မည့်) လို့ ပါပါတယ်ဆရာ။ နှုတ်ပြောစကား 'မဲ့'နဲ့ စာသုံးစကား 'မည့်' တူတာ ဟုတ်ပါတယ်။ အသုံးမှာ လာမည့်လူလို့ရေးတာကို နှုတ်ပြောမှာ 'လာမဲ့လူ' လို့ ရေးရမယ်လို့ဆိုလိုတာပါ"

"တစ်ခုမေးပါရစေ ဆရာ။ စာသုံး 'မည်'ကို အပြောသုံးနဲ့ဖလှယ်ရင် 'မယ်' လို့ ယသတ်နဲ့ ရေးရတယ်မဟုတ်ပါလား"

"ဟုတ်ပါတယ်။ မြန်မာအဘိဓာန်မှာလည်း မယ်ကို (အပြော)လို့ပြပြီး 'မည်'နဲ့ အတူတူလို့ ပြထားတယ်။ အဲဒီလို့ပဲ 'တယ်' ကိုလည်း(အပြော)လို့ပြပြီး 'သည်'နဲ့ အတူတူလို့ ပြထားတယ်"

"ဟုတ်ကဲ့။ အခု 'လာမည့်လူ'ကျတော့ 'လာမယ့်လူ' လို့ မရေးရဘဲ ဘာကြောင့် 'လာမဲ့လူ' လို့ နောက်ပစ်နဲ့ ရေးရတာပါလဲ ဆရာ"

"ဟုတ်ပါတယ်။ 'မည်' နဲ့ 'မယ်' နဲ့တူရင် အောက်မြစ်ပါတဲ့ 'မည့်'ဟာလည်း 'မယ့်'နဲ့ တူရမှာပေ့ါ။ 'လာမယ့်လူ'လို့ ရေးတာမမှားပါဘူး"

"ဟုတ်ကဲ့"

> **"စာသုံးစကားမှာ 'သူလာလျှင် ငါသွားမည်' လို့ ရေးတာကို နှုတ်ပြောစကားမှာ 'သူလာရင် ငါသွားမယ်' လို့ ရေးရတယ် မဟုတ်လား""ဟုတ်ပါတယ်ဆရာ" "မူလတုန်းက 'လျှင်'လို့သုံးပြီး နောက်တော့ 'ရင်' လို့ ပြောင်းလာတာပေ့ါ။ ဒါပေမယ့် အရင်သတ်ပုံကျမ်းမှာ အဲဒီ 'ရင်'မပါဘူး။ ဒီတော့ အပြောစကားမှာလည်း 'သွားလျှင် လာလျှင်'လို့ ရေးရမလို ဖြစ်နေတာပေ့ါ။**

"တစ်ခါ ယသတ်နဲ့ နောက်ပစ်နဲ့လည်း အတူတူပဲလေ။ အသံချင်းတူတယ် 'ကယ့်' နဲ့ 'ကဲ့'၊ 'တယ့်' နဲ့ 'တဲ့' အသံထွက်ချင်းတူတယ် မဟုတ်လား။

"တူပါတယ် ဆရာ"

"အဓိကဆိုင်တာက 'တယ်' နဲ့ 'မယ်' ပဲ။ အောက်မြစ်နဲ့ရေးရင်လည်း လာတယ့်လူ၊ လာမယ့်လူလို့ တစ်ညီတည်းရေးရမှာပေ့ါ"

"ဟုတ်ကဲ့ပါ"

"ဒါဆိုရင် 'လာတယ့်လူ'ဆိုတဲ့ ရေးထုံးကို တွေ့ဖူးသလား"

"အဲ... မတွေ့ဖူးပါဘူး ဆရာ။ 'လာတဲ့လူ' လို့ပဲ တွေ့ဖူးပါတယ်"

" 'လာတယ့်လူ' နဲ့ 'လာတဲ့လူ'ဆိုပြီး ရေးထုံးနှစ်မျိုးရှိတာမှာ 'တဲ့ 'က အရင်ကတည်းက သုံးလာတာ အသုံးတွင်နေပြီလေ။ 'တယ့်' လို့ ပြောင်းသုံးဖို့ မလွယ်တော့ဘူး"

"ဟုတ်ကဲ့ပါ"

"ဒီတော့ သဘောချင်းအတူတူ 'တဲ့' ကျတော့ နောက်ပစ်နဲ့ရေးပြီး 'မယ့်'ကျတော့ ယသတ်နဲ့ ရေးရင် အသုံး မညီညွတ်ဘူးပေ့ါကွယ်။ လိုရင်းပြောရရင် 'တဲ့' က အသုံးတွင်နေပြီဖြစ်လို့ 'မဲ့' ကိုလည်း 'တဲ့'နဲ့ 'ပေမဲ့'လို့ရေးပြီး တချို့က 'ပေမယ့်' လို့ ရေးကြတာပေ့ါ"

"ဟုတ်ကဲ့ပါ"

"ဒါပေမယ့် အခုဒုတိယအကြိမ်ထုတ်တဲ့ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း၊ အဲ... စာမျက်နှာ ၁၉၆မှာ မဲ့(မည့်)လို့ ပြထားတယ်။ စာသုံး 'မည့်'နဲ့ အပြောသုံး 'မဲ့' နဲ့ အတူတူလို့ ဆိုလိုတာပါ။ ပြီးတော့ စာမျက်နှာ ၁၂၃ မှာ 'ဒါပေမဲ့' လို့လည်း ပြထားတယ်။ တွေ့တယ်မဟုတ်လား"

"ဟုတ်ကဲ့။ တွေ့ပါတယ် ဆရာ"

"ဒီတော့ 'လာမဲ့လူ' တို့၊ 'ဒါပေမဲ့'တို့ကို နောက်ပစ်နဲ့ ရေးမှ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းနဲ့ ညီမှာပေ့ါကွယ်"

"ဆရာ၊ တချို့က 'ဒါပေမဲ့' မှာ 'မဲ့'က မရှိတဲ့ အဓိပ္ပာယ်မို့ မသုံးသင့်ဘူးလို့ ပြောကြပါတယ် ဆရာ"

"အင်း... ဒါကတော့ ဘာသာစကားရဲ့ သဘောသဘာဝကို နားမလည်လို့ပြောတာပါ။ စကားလုံးတစ်လုံးဟာ အဓိပ္ပာယ်တစ်ခုတည်းရှိတာမှ မဟုတ်တာ။ အခု 'မဲ့' ဆိုတဲ့ စကားလုံးဟာ 'ကင်းမဲ့တယ်၊ မရှိဘူး'ဆိုတဲ့ အဓိပ္ပာယ်ရှိသလို အနာဂတ်ကာလကိုပြတဲ့ 'မည့်' နဲ့တူတဲ့ နှုတ်ပြောစကားဆိုတဲ့ အဓိပ္ပာယ်လည်း ရှိတာပဲလေ"

"ဟုတ်ကဲ့ပါ"

"ခု 'မဲ့'ကို မရှိတဲ့ အဓိပ္ပာယ်လို့ ပြောတဲ့သူတွေက စကားလုံးတစ်လုံးမှာ အဓိပ္ပာယ်တစ်ခုတည်းရှိတယ်ထင်ပြီး ပြောနေကြတာပါ။ကဲ...သိလွယ်တဲ့သာဓကတစ်ခုပြောမယ်။ 'က' ဆိုတဲ့ စကားလုံးကိုပဲကြည့်။ 'ကခုန်တယ်'လို့လည်း အဓိပ္ပာယ်ရတယ်။ ရထားမှာ မြင်းတပ်တာကို မြင်းက တပ်လို့ သုံးတာမို့ အဲဒီအဓိပ္ပာယ်လည်း ရတယ်။ 'သူက ပြောတယ်'ဆိုရင် ပြုလုပ်သူကို ပြတဲ့အဓိပ္ပာယ်၊ 'အိမ်က လာတယ်' ဆိုရင် ထွက်ခွာရာပြတဲ့ အဓိပ္ပာယ်၊ မန္တလေးက သူငယ်ချင်းဆိုရင် တည်ရှိရာကို ပြတဲ့အဓိပ္ပာယ်၊ 'မနေ့က' ဆိုရင် အချိန်ပြတဲ့ အဓိပ္ပာယ်မဟုတ်လား။ စကားတစ်လုံးမှာ အဓိပ္ပာယ်အမျိုးမျိုးရှိတာမို့ 'မဲ့'ဆိုတာ ကင်းမဲ့တဲ့ အဓိပ္ပာယ်လို့ပဲ ပြောတာဟာ ဘာသာစကားရဲ့သဘောကို နားမလည်လို့ ပြောတာပါကွယ်"

"ရှင်းပါပြီဆရာ"

"မည့်နဲ့ မဲ့ အသံပြောင်းသွားပြီး စာစကားနဲ့ နှုတ်ပြောစကားကွဲသွားတာမျိုး စကားလုံးနှစ်လုံးကို ဒုတိယအကြိမ်ထုတ်တဲ့ သတ်ပုံကျမ်းမှာ ဖြည့်ထားတာရှိသေးတယ်။ 'လျှင်' ကနေပြောင်းလာတဲ့ 'ရင်'ရယ်၊ 'အလျှင်'ကနေပြောင်းလာတဲ့ 'အရင်' ရယ်"

"ဟုတ်ကဲ့ပါ"

"စာသုံးစကားမှာ 'သူလာလျှင် ငါသွားမည်' လို့ ရေးတာကို နှုတ်ပြောစကားမှာ 'သူလာရင် ငါသွားမယ်' လို့ ရေးရတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"မူလတုန်းက 'လျှင်'လို့သုံးပြီး နောက်တော့ 'ရင်' လို့ ပြောင်းလာတာပေ့ါ။ ဒါပေမယ့် အရင်သတ်ပုံကျမ်းမှာ အဲဒီ 'ရင်'မပါဘူး။ ဒီတော့ အပြောစကားမှာလည်း 'သွားလျှင် လာလျှင်'လို့ ရေးရမလို ဖြစ်နေတာပေ့ါ။ ပြီးတော့ အပြောစကားအနေနဲ့ ရေးရင်လည်း 'ရင်' လို့ ရေးရမလား။ 'ယင်' လို့ ရေးရမလား ပြဿနာရှိတာပေ့ါ။ အသံတူနေတာကိုး"

"ဟုတ်ကဲ့၊ ဒုတိယအကြိမ်ထုတ်တဲ့ သတ်ပုံကျမ်းမှာတော့ စာမျက်နှာ ၂၃ဂ မှာ ရင်(လျှင်)ဆိုတဲ့ စကားလုံးကို ဖြည့်ထားတာတွေ့ပါတယ် ဆရာ။ 'ရင်' လို့ရေးရမယ်ဆိုတာ မှတ်သားထားပါတယ်"

"ဟုတ်ပြီ။ အဲဒီလိုပဲ၊ 'အလျှင်' ဆိုတဲ့ စကားက အသုံးဆိုတော့ အပြောစကားဆိုရင် 'အရင်' လို့ ရေးရမှာပေ့ါ။ ဒါလည်း အရင်သတ်ပုံကျမ်းမှာ မပါတော့ 'အလျှင်' လို့ရေးမှ မှန်သလိုလိုဖြစ်နေတာ၊ အခု ဒုတိယအကြိမ်ထုတ်မှာ စာမျက်နှာ ၂၈၅ မှာ အရင် (အလျှင်)လို့ ဖြည့်ထားတာမို့ ပြဿနာရှင်းသွားပါပြီ။ 'အရင်တုန်းက' ဆိုတာမျိုးရေးလို့ရပါတယ်"

"ဟုတ်ကဲ့ပါ"

"ကဲ... ဒီတစ်ပတ်တော့ ဒီလောက်နဲ့ပဲ နားကြစို့။ မင်းတို့လက်ထဲမှာ ဒီသတ်ပုံစာအုပ် ရှိနေပြီဆိုတော့ မသဲကွဲတဲ့ စာလုံးပေါင်းတွေကို သဲကွဲအောင် လေ့လာပေ့ါကွယ်။ ခုခေတ်မှာ နှုတ်ပြောစကားဟန်နဲ့ တွင်တွင်ကျယ်ကျယ် ရေးနေကြတာ မင်းတို့အသိပဲလေ။ မင်းတို့ကိုယ်တိုင်လည်း ရေးနေကြတာမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ။ အင်တာဗျူးတို့ ၊ စကားဝိုင်းဆွေးနွေးခန်းတို့ကို နှုတ်ပြောစကားနဲ့ ရေးရပါတယ်"

"ဒီတော့ နှုတ်ပြောစကားကို နှုတ်ပြောစကားနဲ့တူအောင် ပီပီသသ ရေးတတ်ဖို့လိုတာပေ့ါကွယ်။ အထူးသဖြင့် နောက်ဆက်ပစ္စည်းလို့ခေါ်တဲ့ 'နဲ့' တို့ 'လဲ'တို့၊ ခုပြော ခဲ့တဲ့ 'တဲ့'တို့ 'မဲ့' တို့ကို စာလုံးပေါင်းမှန်မှန်ကန်ကန်၊ အပြောသုံးစကား ပီပီပြင်ပြင်ဖြစ်အောင် ရေးကြရမှာပေ့ါကွယ်"။

ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃-၁၂-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၈၀၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၁၁၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၈၀၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ်	၁၁၁၀၆၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၈၈၀/၉၅၅	ကျပ်	၉၆၀/၉၇၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၉၀/၉၇၀	ကျပ်	၉၇၅/၉၈၅	ကျပ်
အောက်တိန်း ၉၂	၈၃၀/၈၈၅	ကျပ်	၉၂၀/၉၃၀	ကျပ်
အောက်တိန်း ၉၅	၉၄၀/၉၈၀	ကျပ်	၁၀၂၅/၁၀၃၅	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၅၁၀ . ၁
ဥရောပ	တစ်ယူရို	ကျပ်	၁၆၈၇ . ၂
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၁၁၆ . ၅
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၂၀၂၄ . ၅
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၃၇၇ . ၈
သြစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၁၀၄၅ . ၂
တရုတ်	တစ်ယွမ်	ကျပ်	၂၁၆ . ၁၇
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၁ . ၃၆၅
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၂၈ . ၉၁
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၆၄ . ၈၉
ထိုင်း	တစ်ဘတ်	ကျပ်	၄၉ . ၉၇၈

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၁၀၀၀	၁၁၅၀၀	၁၄၉	၁၆၈၀၅၀၀
MTSH	၃၈၅၀	၃၈၅၀	၃၀၅၆	၁၁၆၃၁၆၅၀
MCB	၇၆၀၀	၈၂၀၀	၁၀၂	၇၇၆၄၀၀
FPB	၂၂၅၀၀	၂၃၀၀၀	၁၀၂၇	၂၃၃၅၇၅၀၀
TMH	၂၉၅၀	၂၉၅၀	၅၀၂	၁၄၅၅၉၀၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊တင်လင်းအောင်
အငယ်တန်း သတင်းထောက်များ	-	တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

စင်ကာပူနိုင်ငံမှ The Best Actress ဆုကို မြန်မာ့ပထမဆုံး ရရှိခဲ့သူ ကလေးသရုပ်ဆောင် ပြည့်ပြည့်နှင့် တွေ့ဆုံခြင်း

ပရလောက၏ အနှောင့်အယှက်များကို ရင်ဆိုင်ဖြေရှင်းရင်း မိဘနှင့် သားသမီးကြားမှ မေတ္တာတရားကို ထိတ်လန့်ဖွယ် ရိုက်ကူးတင်ဆက်ထားသည့် "လိပ်ပြာစံအိမ်" ရုပ်ရှင်ဇာတ်ကားသည် စင်ကာပူနိုင်ငံတွင် ကျင်းပသည့် Asian Academy Creative Awards တွင် ဆုခြောက်ဆုကို ရရှိခဲ့ကာ ထိုအထဲမှ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု (Regional The Best Actress in Supporting Role)နှင့် အာရှအဆင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု (Asian The Best Actress in Supporting Role)တို့ကို ရရှိခဲ့သော ကလေးသရုပ်ဆောင် ပြည့်ပြည့်နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

မေး။ ။နိုင်ငံပေါင်း ဘယ်နှနိုင်ငံနဲ့ ယှဉ်ပြိုင်ခဲ့ကြတာလဲ သမီး။

ဖြေ။ ။သမီးတို့ ဟိုမှာပြိုင်တာ အာရှနိုင်ငံပေါင်း ၁၃ နိုင်ငံ ယှဉ်ပြိုင်ကြတာပါ။

မေး။ ။ဆုတွေရတဲ့ စိတ်ခံစားချက်လေးနဲ့ပတ်သက်ပြီး ပြောပါဦး။

ဖြေ။ ။သမီးဒီဆုတွေရလို့ ပျော်ပါတယ်။ nomination ပြတဲ့အချိန်မှာ တခြားနိုင်ငံက လူကြီးတွေကို ကြည့်ရတော့ စိတ်အားတော့ လျော့သွားပါတယ်။ မရနိုင်တော့ဘူးလို့ ထင်တယ်။ စိတ်လျှော့ပြီးတော့ မေတ္တာပဲ ပို့ပေးနေတာပါ။ ဆုကြေညာတော့ Pyae Pyae From Myanmar လို့ ခေါ်လိုက်ချိန်မှာ အံ့သြသွားတယ်။ သမီး စင်ပေါ်ရောက်ချိန်မှာတောင် စိတ်လှုပ်ရှားပြီးတော့ ငိုမိပါတယ်။ ညပိုင်း Dinner ပွဲမှာတွေ့တဲ့ တခြားနိုင်ငံက အစ်မတွေ၊ အစ်ကိုတွေကလည်း သမီး စင်ပေါ်မှာငိုတော့ သူတို့လည်း အောက်ကနေ ဝမ်းသာပီတိဖြစ်ပြီး လိုက်ငိုကြတယ်လို့ ပြန်ပြောကြတယ်။

မေး။ ။ဦးတို့ မြန်မာပြည်မှာဆိုရင် ကလေးသရုပ်ဆောင်တော်ရင် ကလေးသရုပ်ဆောင်ဆုပဲ ပေးတာလေ၊ အခုက ဇာတ်ပို့ဆုရတယ်ဆိုတော့ ဘာပြောချင်လဲ။

ဖြေ။ ။ဒါကတော့ သမီးအနေနဲ့ မျှော်လင့်မထားပါဘူး။ ဒီထက်ပိုပြီးတော့ သမီးကြိုးစားမှာပါ။ ရိုက်တုန်းက ပင်ပန်းခဲ့တဲ့အရာတွေကို အခုတော့ အမောလည်းပြေပါတယ်။ မကစ်လည်း နောက်တစ်ခုထပ်ရရင် ပိုပျော်ရမှာပါ။ Regional ဆုတွေကတော့ ခြောက်ဆုကို သမီးတို့ လိပ်ပြာစံအိမ်က ရခဲ့တယ်။ မကစ်က နောက်ထပ်တစ်ခု ထပ်ရရင်တော့ ပိုကောင်းမှာပါ။

မေး။ ။၂၀၁၉ ခုနှစ်ထဲ သမီးရဲ့ကားတွေ ရုံတင်ထားတာ ရှိတယ်နော်။

ဖြေ။ ။ကမ္ဘာနှစ်ထပ်၊ လိပ်ပြာစံအိမ်နဲ့ ဟစ်တိုင် ကားတွေ ရှိပါတယ်။ "ကြောက်ကြောက်ကြောက် -၂"က ဒီဇင်ဘာ ၂၅ ရက်မှာ ရုံတင်မှာပါ။

"ကျွန်မအချစ်ဆုံး" မှာတော့ သမီးရဲ့ ဇာတ်ဝင်ခန်း နည်းပါတယ်။ သမီးရဲ့ ဇာတ်ကားတွေကို အကဲဖြတ်တွေကတော့ ဆုံးဖြတ်မှာပေ့ါနော်။ သမီးနဲ့ ထိုက်တန်တယ်ဆိုရင်တော့ ပေးမယ်လို့ ထင်ပါတယ်။ ဒီထက်ပိုတော်တဲ့သူတွေ ပေးစရာရှိရင်တော့ သမီးက ဘာမှတော့ မဖြစ်ပါဘူး။ အနုပညာနဲ့ပတ်သက်ပြီး သမီးကတော့ အကောင်းဆုံး ကြိုးစားနေပါတယ်။

မေး။ ။သမီးရဲ့ လက်ဦးဆရာကရော။

ဖြေ။ ။သမီးရဲ့ လက်ဦးဆရာကတော့ မောင်မျိုးမင်း(ရင်တွင်းဖြစ်)ပါ။ ဦးမျိုးတို့ သုဝဏ္ဏမှာ နဂါးငွေ့တန်းကား လာရိုက်တာ ထင်တယ်၊ အဲအချိန် ဦးမျိုးတို့နဲ့ စတွေ့ခဲ့တယ်။ ပထမဆုံး ဦးမျိုး စရိုက်တဲ့ "သံယောဇဉ် စစ်ဆင်ရေး" ဗီဒီယိုဇာတ်ကားနဲ့ အနုပညာလောကထဲ စရောက်လာတယ် ပြောလို့ရပါတယ်။ အဲဒီကစပြီး ဇာတ်ကားတွေ ရိုက်ကူးဖြစ်လာတာပါ။ သမီးရိုက်ထားတဲ့ ရုပ်ရှင်ဇာတ်ကား ၁၀ ကားကျော် ရှိပါပြီ။ "ရန်သူ" ဇာတ်ကားမှာလည်း ပါပါတယ်။

မေး။ ။ သမီးရဲ့ လက်ရှိပညာရေး အခြေအနေနဲ့ အနုပညာအလုပ်တွေအတွက် ပြင်ဆင်ထားမှုကရော။

ဖြေ။ ။လောလောဆယ်တော့ အမေက မအားသေးဘူးဖြစ်နေတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မှာ ဘော်ဒါဆောင် သွားဖွင့်ထားတယ်။ ရန်ကုန်ပြန်လာလိုက်၊ ဟိုပြန်ပြေးလိုက် ဖြစ်နေတာပေ့ါ။ သမီးကလည်း စာမေးပွဲ ၁၆ ရက်မှာ ဖြေရမယ်။ ခုတော့ သမီးက (၄)တန်းပါ။ အထက မိုင်းဆတ်မြို့မှာပဲ ကျောင်းတက်နေတာပါ။

ကိုလင်း

ကိုရီးယား၌ကျင်းပသည့် အခမ်းအနားကြီးနှစ်ခုတွင် အဆိုတော် ဝိုင်းလေး သွားရောက်ဖျော်ဖြေခဲ့

ကိုရီးယားနိုင်ငံ ချန်ဝန်၌ ကျင်းပပြုလုပ်ခဲ့သည့် "ASEAN Fantasia Concert" နှင့် ဘူဆန်၌ ကျင်းပပြုလုပ်ခဲ့သည့် ကိုရီးယား-အာဆီယံ ချစ်ကြည်ရေးပွဲ ASEAN-ROK Summit တွင် မြန်မာနိုင်ငံမှ Miss နှင့် အဆိုတော်ဖြစ်သူ ဝိုင်းလေးက ကိုရီးယားနိုင်ငံမှ အနုပညာရှင်များနှင့် တွဲဖက်၍ ဖျော်ဖြေခဲ့ ကြောင်း သိရသည်။

"ဘူဆန်မှာ ကျင်းပတဲ့ အာဆီယံညီလာခံ အစည်းအဝေးမှာ အာဆီယံနဲ့အတူ ကိုရီးယားပါ ပါဝင်ပြီးတော့ ပြုလုပ်ထားတဲ့ Side by Side ဆိုတဲ့ သီချင်းကို ဝိုင်းလေးတို့ တင်ဆက်ခဲ့ပါတယ်။ ဘူဆန်မှာ ရိုက်ကူးရေးပြီးတော့ ဆိုးလ်ကို သွားခဲ့တယ်၊ Side by Side အပြင် "လက်ခံပြီးသား"နဲ့ "တာဝန်အရ" သီချင်းတွေလည်း ဆိုခဲ့တယ်။ ဒါက ကိုရီးယားကို ဒုတိယအကြိမ်ပေ့ါ၊ ပထမတစ်ကြိမ်က ဝိုင်းလေး Miss ရပြီးတော့ တီချယ် တင်မိုးလွင်နဲ့ Ambassador အနေနဲ့ သွားခဲ့တာပါ"ဟု ဝိုင်းလေးက ပြောသည်။

နိုင်ငံတကာတွင် သွားရောက်ဖျော်ဖြေသည့်အခါတွင် အနုပညာရှင်များအား မီဒီယာများက ဝိုင်းဝန်းပံ့ပိုးရန် လိုအပ်ပုံနှင့် ပတ်သက်၍လည်း ဝိုင်းလေးက "နိုင်ငံနဲ့ပတ်သက်တဲ့ပွဲတွေမှာ အနုပညာတစ်ခုက နိုင်ငံတစ်ခုရဲ့ပုံရိပ်ကို ထင်ဟပ်စေတယ်၊ ညီမတို့လို အနုပညာစစ်စစ်၊ ဂီတစစ်စစ်ကို ချစ်မြတ်နိုးတဲ့သူ၊ ဒီဂီတကိုပဲ အာရုံစိုက်လုပ်နေတဲ့သူတွေ အများကြီးရှိပါတယ်။ ဒီလိုလူတွေက နိုင်ငံနဲ့ချီပြီးတော့ သူများဆီသွားပြီး ပြသရတော့မယ်ဆိုရင် ညီမတို့ချည်းပဲ ကြိုးစားလို့ မရပါဘူး၊ မီဒီယာတွေအနေနဲ့ ဝိုင်းဝန်းပံ့ပိုးပြီး စည်းစည်းလုံးလုံးနဲ့ရှိမှ အဆင်ပြေမယ်ပေ့ါနော်။ အနုပညာဆိုတာ နိုင်ငံတစ်ခုရဲ့ပုံရိပ်ပါ။ အခုလို ဝိုင်းလေးတို့ရဲ့ သီချင်းလေးကို တကယ့်အနုပညာစစ်စစ်နဲ့ တခြားနိုင်ငံမှာ ပြသရတော့မယ်ဆိုရင် မီဒီယာတွေရဲ့ Support ကလည်း တကယ် အရေးကြီးပါတယ်။ ဂုဏ်တက်မယ့် သတင်းတွေကို မီဒီယာ အစ်ကိုအစ်မတွေကလည်း ချပြပေးစေချင်ပါတယ်"ဟု ဆက်လက်ပြောကြားခဲ့သည်။

ကိုလင်း

Myanmar Idol ပြိုင်ပွဲသည် Reality Show တစ်ခုသာဖြစ်ကြောင်း ကျော်ထက်အောင် ပြောကြား

Myanmar Idol ပြိုင်ပွဲတွင် Host အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ကျော်ထက်အောင်က Idol ပြိုင်ပွဲသည် ဖြစ်တည်လာမှုအပေါ် နည်းနည်းကစားထားသည့် အပိုင်းမှလွဲ၍ Reality Show တစ်ခုဖြစ်ကြောင်း ပြောကြားသည်။

"ကျွန်တော်တို့ ပြိုင်ပွဲက လူတိုင်းစိတ်ဝင်စားစရာ ပရိုဂရမ်တစ်ခုလို့ ပြောလို့ရပါတယ်။ ဇာတ်ညွှန်းဆိုတာက ဇာတ်တစ်ခုကို ကြိုရေးပြီးမှ ရိုက်ကွင်းပေါ်မှာ ရိုက်ရတာလေ။ ဇာတ်ညွှန်းတစ်ခုမှာ ပါမယ့် Actor ကအစ သိရတာလေ။ ဒါကတော့ ဇာတ်ညွှန်းမဟုတ်ပါဘူး။ ဒီကလေးတွေမှ မသိတာ။ ပြိုင်ပွဲဟာ ဖြစ်တည်လာမှုအပေါ်မှာ နည်းနည်း ကစားတာကလွဲရင် တကယ့် Reality Show တစ်ခုပါ"ဟု ကျော်ထက်အောင်က ပြောသည်။

ကျော်ထက်အောင်က ပြိုင်ပွဲအစပိုင်းတွင် ထက်အဋ္ဌလီနှင့် ဘင်ဂျမင်ဆမ်တို့ကို ကြိုက်နှစ်သက် သဘောကျခဲ့ပြီး ပြိုင်ပွဲကာလ ပြောင်းလဲမှုအရ ကြိုက်နှစ်သက်အားပေးမှုလည်း ပြောင်းလဲလျက်ရှိကာ လက်ရှိတွင် အက်စတာကို အားပေးနေကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ကိုယ်ကြိုက်နှစ်သက်သူကို အားပေးတာပါ၊ သူတို့ကို အားပေးလိုက်လို့ ကျန်တဲ့သူတွေက မကောင်းဘူးလို့ ပြောတာလည်း မဟုတ်ပါဘူး။ လူတိုင်းက သူ့အကြိုက်နဲ့ သူပေ့ါ။ ငယ်ရွယ်သူပဲ ဖြစ်နေပါစေ၊ ကိုယ်သဘောကျတဲ့သူကို အားပေးကြတာပါပဲ။ ခုကတော့ ထက်အဋ္ဌလီက ပြုတ်သွားပြီ။ ပြိုင်ပွဲ တစ်ဆင့်ထက်တစ်ဆင့် တက်လာတာနဲ့အမျှ တမ်ပို မြင့်လာတယ်။ ဘင်ဂျမင်ကလည်း နည်းပညာပိုင်း တော်တယ်။ ခုဆိုရင်တော့ အက်စတာကို သဘောကျပါတယ်။ သူ့ရဲ့ သီဆိုမှုကလည်း ကောင်းတယ်လေ"ဟု ကျော်ထက်အောင်က ဆက်ပြောသည်။

ကိုလင်း

စိုင်းစိုင်းခမ်းလှိုင်နှင့် တွဲဖက်သရုပ်ဆောင်ရန် အမျိုးသမီးသရုပ်ဆောင်သစ်နှစ်ဦး ခေါ်ယူနေ

Myanmar Media 7 မှ စီစဉ်ပြီး ဇာတ်လမ်း မိုးနီလွင်၊ ဇာတ်ညွှန်း မေကစ်၊ ချိုဝတ်ရည်လွင်၊ မာကို(Golden Fine Arts)တို့ ရေးသား၍ ဒါရိုက်တာ ထွဋ်ရှုတင့်ထွန်း (hmko) ရိုက်ကူးပြီး စိုင်းစိုင်းခမ်းလှိုင်၊ ဖြိုးငွေစိုး၊ သက်မွန်မြင့်၊ အေးမြတ်သူ၊ ခင်ဝင့်ဝါ၊ ငြိမ်းဖြူ၊ လီလီကျော်ခိုင်၊ ယမင်းမေဦး၊ ဖုန်းသီရိကျော်၊ နန်းထက်ထက်ဦး၊ သီရိကျော်၊ Ashley KoKoe နှင့် သဥ္ဇာ တို့ ပါဝင်သရုပ်ဆောင်၍ Skynet နှင့် MNTV တို့မှထုတ်လွှင့်မည့် ဝင်္ကပါလမ်းမများ တီဗွီစီးရီးတွင် စိုင်းစိုင်းခမ်းလှိုင်နှင့် တွဲဖက်သရုပ်ဆောင်ရန် အမျိုးသမီးသရုပ်ဆောင်သစ်နှစ်ဦးကို ရွေးချယ်ခေါ်ယူနေသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ရန် လိုအပ်နေသော အမျိုးသမီးသရုပ်ဆောင်နှစ်ဦး နေရာအတွက် ဝါသနာရှင် သရုပ်ဆောင်အမျိုးသမီးများခေါ်ယူလျက်ရှိရာ သွက်လက်ချက်ချာပြီး ရဲရဲတင်းတင်း သရုပ်ဆောင်နိုင်သူ၊ အသက် ၁၈ နှစ်မှ ၂၅ အတွင်း အိမ်ထောင်မရှိသူ လူလွတ်ဖြစ်ရမည်ဖြစ်ပြီး လျှောက်ထားရာတွင် ကိုယ်လုံးပေါ် အလှဓာတ်ပုံတစ်ပုံ၊ မျက်နှာကို ထင်ရှားစွာမြင်ရသော လိုင်စင်ဓာတ်ပုံ တစ်ပုံ၊ မိမိနှစ်သက်ရာ အကြောင်းအရာတစ်ခုကို သုံးမိနစ်စာ သရုပ်ဆောင်ထားသည့် အရုပ်အသံ ကြည်လင်သော ဗီဒီယိုဖိုင်တစ်ခု၊ နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်များကို info@myanmarmedia7.com သို့ ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထားပြီး email ပေးပို့၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

ကိုလင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
အထွေထွေရောဂါကုဆေးရုံကြီး၊ မိတ္ထီလာမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မိတ္ထီလာမြို့တွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် လိုအပ်သည့်
- (က) (FDA)အသိအမှတ်ပြုဆေးဝါးများ
- (ခ) ဓာတ်ခွဲခန်းသုံးဆေးများ
- (ဂ) ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ
- (ဃ) ဆေးရုံသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** – ၁၆-၁၂-၂၀၁၉ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် – ၁၅-၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ (၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးခန်း၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ
အထွေထွေရောဂါကုဆေးရုံကြီး
မိတ္ထီလာမြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
နမ့်စန်မြို့နယ်တရားရုံး
၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် – ၅

ဒေါ်ကြည်ကြည်အေး **နှင့်** ဦးမောင်ကြည်
တရားလို **တရားပြိုင်**

တောင်တွင်းကြီးမြို့နယ်၊ ပယက်ကြယ်အုပ်စု ငွေးတောက်ခုံရွာနေ ဦးမောင်ကြည် (ဘ)ဦးစိန်မောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်ကြည်ကြည်အေးက လင်မယားကွာရှင်းပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၀ရက် (၁၃၈၁ ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်) နံနက် ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန်းကျော်ဌေး)
မြို့နယ်တရားသူကြီး
နမ့်စန်မြို့နယ်တရားရုံး

အမည်မှန်
မြိတ်မြို့၊ အထက(ခွဲ)ပသောင်း၊ ၂၀၁၉–၂၀၂၀ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းမှ မလှနန္ဒာစိုး၏ အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ မလှစန္ဒာစိုး ၆/မမန(နိုင်)၂၂၂၈၄၃ဖြစ်ပါကြောင်း။ **မလှစန္ဒာစိုး**

ဖခင်အမည်မှန်
မြိတ်မြို့၊ အထက(ခွဲ) ပသောင်း၊ ၂၀၁၉–၂၀၂၀ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းမှ မလှစန္ဒာစိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုနှင့်မှတ်ပုံတင်စာရင်းအရ ဦးဇင်မိုးအောင် ၆/မမန(နိုင်)၂၀၀၆၈၁ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၆၀ယ/၆၁၂၆၃ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ New Drive Co.,Ltd. က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 8F/6478 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာ)

အမည်ပြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ၆/ထဝန(နိုင်)၀၈၆၁၄၀ ကိုင်ဆောင်သူ မစိမ်းစိုစိုစိမ်း၏အမည်ကို မယုယုလွင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

ရောင်းမည်
ဘားအံမြို့ပေါ်ရှိ
လက်ရှိလည်ပတ်နေသော
ဟိုတယ်ရောင်းမည်။
ဖုန်း–၀၉–၉၇၀၂၇၄၉၉၉

တစ်ဦးတည်းဖြစ်ပါကြောင်း
မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့၊ အမှတ်(၁) ရပ်ကွက်နေ (ဘ) ဦးသောင်းဝင်း၏ သမီး ၈/ထလန(နိုင်)၀၄၆၅၁၉ မရီမွန်ဝင်းနှင့် မရည်မွန်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖောင်းကြွနံပါတ်ပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 1M/1393 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 8C/9033 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ပိန္နဲကုန်း)မြေကွက်အမှတ်(၅/စ)၊ ဧရိယာ-၀.၀၄၈ဧကမြေကွက်တည်နေရာအမှတ်-၇၅၊ ကြေးတိုင်စု(၂)လမ်းပိန္နဲကုန်းရပ်ကွက်၊အင်းစိန်မြို့နယ်(ဦးအောင်သန်းထိုက်၊ ၁၂/အစန(နိုင်)၀၇၈၇၄၃)အမည်ပေါက် - B၊လ/န - ၃၉ (အိမ်ယာမြေသက်မှတ်)မြေအားအမည်ပေါက်ဖြစ်သူဦးအောင်သန်းထိုက်(၁၂/အစန(နိုင်)၀၇၈၇၄၃)မှ ၂၀၁၈-ခု ဘဏ်ချေးမြေပုံမှာ အထားအသိုမှားယွင်း၍ပျောက်ဆုံးနေပါကြောင်း ကျမ်းကိုန်လွှာနှင့် အတူဝန်ခံကတိမြေအမည်ပေါက်စာချုပ်တို့တင်ပြ၍မြေတိုင်းလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကွယ်(က)ရပ်ကွက်၊ အသောကလမ်း၊ အမှတ်-(၂၁)၊ A-5 စတုတ္ထထပ်၊ ခေါင်းရင်းခန်းအား ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ဝတ်ရည်ဖြိုး ၁၄/ညတန(နိုင်)၀၉၉၉၂၆ က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ တရားဝင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးဇေယျာအောင်(LL.B)	ဦးမျိုးမင်းသူ(LL.B, D.I.P.L)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်–၁၁၅၆၁/၂၀၁၆)	(စဉ်–၄၇၇၇၇/၂၀၁၆)

MYO WIN & ASSOCIATES LAW FIRM
အမှတ်–(၁၂၈/၁၃၀)၊ ၂(အေ)၊ ၃၅လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း–၀၁–၃၈၀၂၀၄၊ ၀၉–၆၉၆၆၀၄၅၀၇၊ ၀၉–၅၁၅၀၀၅၂။
www.myowinlawfirm.com, inquiry@myowinlawfirm.com,
myowinlawfirm@gmail.com

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ–၁၆၊ မြေကွက်အမှတ် ၉၅၉/ခ၊ ဧရိယာ(၂၀'x၆၀')မြေကွက်တည်နေရာအမှတ်(၉၅၉/ခ)၊ ရွှေရင်အေးကျောင်းလမ်း၊ (၁၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးရဲနောင် (MTNT–၀၁၀၂၄၈) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးရဲနောင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်စန်း ၈/နမန(နိုင်)၀၉၁၉၈၈ မှ မြေချပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝတ်အကျဉ်းချုပ်မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတို့တင်ပြပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့်တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် နှစ်၆၀မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 9J/6595 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှာသာကြီး)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 3A/3986 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 6I/9171 Honda Fit GP.1 Hatch Back(4x2)ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းရွှေ ၁၃/လရန(နိုင်)၀၀၈၃၈၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာကောက်ရပ်၊ ဦးပိုင်အမှတ် (၉၉)၊ ဧရိယာ ၀ဒသမ ၀၉၃ ဧကရှိ ဦးကျော်၊ ဒေါ်ငွေမြ၊ ဦးဝင်းမောင်၊ ဦးဝင်းမြင့်၊ ဒေါ်ခင်တိုး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးစည်သူ ၉/ပမန(နိုင်)၂၈၀၄၈၂ မှ အရောင်းအဝယ်စာချုပ်မူရင်း၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်
စည်ပင် သာယာရေးကော်မတီ

ကြော်ငြာစာ
အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ–၃၀၇
မိတ္ထီလာခရိုင်တရားရုံးတော်၌
၂၀၁၉ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၁၈
ကွယ်လွန်သူ ဒေါ်ခင်မြင့်မြင့် ၊ ဦးစောနိုင် တို့၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဒေါ်ခင်သန်းမြင့် လျှောက်ထားသူ

မန္တလေးတိုင်းဒေသကြီး။ မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်၊ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း။ အမှတ် (၁၃/စ)၊ ယခုအမှတ် (၂၇၉) တွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ခင်မြင့်မြင့်၊ ဦးစောနိုင် တို့၏ ကျန်ရစ်သော ပစ္စည်းနှင့်စပ်လျဉ်း၍ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇ အရ ကွယ်လွန်သူ ဦးစောနိုင် နှင့် ဒေါ်ခင်မြင့်မြင့် တို့၏ ကျန်ရစ်ခဲ့သောပစ္စည်းအား စီမံခန့်ခွဲခွင့်ပြုပါရန်နှင့် ပုဒ်မ-၃၀၇ ပါ ပြဋ္ဌာန်းချက်များအရ လုပ်ပိုင်ခွင့်များ ဆောင်ရွက်ခွင့်ပြုပါမည့်အကြောင်း မန္တလေးတိုင်းဒေသကြီး။ မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်၊ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း။ အမှတ် (၁၃/စ) ယခု အမှတ်(၂၇၉) နေ ဒေါ်ခင်သန်းမြင့် မှ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇ အရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ(၂၀) ရက် (၁၃၈၁ ခုနှစ်၊နတ်တော်လဆုတ်(၉)ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူ ဒေါ်ခင်မြင့်မြင့်၊ ဦးစောနိုင် တို့၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်ဟု အဆိုရှိသူတို့သည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ(၂၀)ရက် (၁၃၈၁ ခုနှစ်၊ နတ်တော်လဆုတ် (၉) ရက်) နေ့လည် (၁း၀၀) နာရီအချိန်၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း။ မိမိတို့နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် သက်ဆိုင်ရာအမှုတွဲအား ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၀၇ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်အမှုရင်ဆိုင်ရန် ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်ခင်သန်းမြင့် ၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မင်းအောင်)
ခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြေညာချက်
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် စက်မှုလက်မှု၊ မြေကွက်အမှတ်–၄၁/၄၂၊ဧရိယာ ၄၈၀၀ စတုရန်းပေ အကျယ်အဝန်းရှိသော နှစ်(၆၀)ဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ သာကေတမြို့နယ် ၁၀/မြောက်ရပ်ကွက်၊ မြခွာညို (၃)လမ်း၊ အိမ်အမှတ် (၄၁/၄၂)ဟု ခေါ်တွင်သော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှရွှေ ၁၂/သကတ(နိုင်)၁၀၈၈၅၄ (ISN–၄၅၆၂၈၈) ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆိုယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးမိုးကျော်ဦး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၆၅၈၈)
အခန်း–၅၊အမှတ်–၅၅၊မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ် ရန်ကုန်မြို့
ဖုန်း–၀၉–၅၁၄၉၆၃၆

ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား အသိပေးကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခမြိုင် (၁)လမ်း၊ အမှတ် (၁၂၇)နေ ဦးကျော်မင်းသိန်း ၁၂/လမန(နိုင်)၀၀၂၉၄၅သည် အောက်ပါကုန်အမှတ်တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်၏ စာချုပ်မှတ်ပုံတင်အမှတ် (၄ ပို/၂၈၃၆၀/၂၀၁၉)ဖြင့် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် SAY အမည်အမှတ်အသားဖြင့် နွားနို့စစ်စစ်၊ နို့ချဉ်နှင့်နို့အေး အမျိုးမျိုးတို့အား ထုတ်လုပ်ထည့်သွင်းအသုံးပြုသည့် ပစ္စည်းများအပေါ်တွင် အဆိုပါတံဆိပ်အမည်၊ အမှတ်အသားဖြင့် အရွယ်အစားအမျိုးမျိုးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မင်းသိန်းမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် အရွယ်အစားအမျိုးမျိုး၊ ပုံစံအမျိုးမျိုးတို့ဖြင့် ကပ်နှိပ်၍၊ ဖိနှိပ်၍၊ ရိုက်နှိပ်၍ ရန်ကုန်တိုင်းဒေသကြီးနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိရာ ကောင်သတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှုပိုင်အဖြစ် အသုံးပြုခဲ့ပြီးဖြစ်သော အထက်ဖော်ပြပါတံဆိပ်အမည်အမှတ်အသားကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကျွန်ုပ်မိတ်ဆွေ ခွင့်ပြုချက်မရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ တုပခြင်း၊ ပုံတူ၊ ပုံမှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားဖြန့်ဖြူးခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ တုပပြုလုပ်ဖြန့်ဖြူးရောင်းချခဲ့ပါက ကျွန်ုပ်မိတ်ဆွေ၏ လုပ်ငန်းကိစ္စထိခိုက်နစ်နာမှုတို့အပေါ် တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်နေမျိုးဇာ LL.B
အထက်တန်းရှေ့နေ (စဉ်–၄၅၈၂၇)
ဖုန်း–၀၉–၉၇၆၂၉၁၂၃၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၃၉၉/က(သီရိမင်္ဂလာစီမံချက်)၊မြေကွက်အမှတ်(၇၈/က)၊ဧရိယာ(၀.၃၆၅)ဧက၊မြေကွက်တည်နေရာအမှတ်(၇၈/က)၊သီရိမင်္ဂလာလမ်း၊ရွာမအရှေ့ရပ်ကွက်၊အင်းစိန်မြို့နယ်၊ဗိုလ်ကြီးအောင်မိုး(ခ)မောင်ချိုမရွှေနိုင် အမည်ပေါက်၊နှစ်(၆၀)မြေငှား(ဂရန်)မြေအားအမွေဆက်ခံပိုင်ဆိုင်ကြောင်းမြွက်ဟကြေငြာစာချုပ်အမှတ်-၇၄၆၅/၁၁(၂၄-၁၁-၁၁)ဖြင့် ရရှိသူဒေါ်ရွှေနိုင်(၉/မလန(နိုင်)၁၁၄၄၇၈)ထံမှအိမ်မြေအပိုင်အရောင်းစာချုပ်အမှတ်-၇၁၀၂/၁၂(၇-၁၂-၁၂)ဖြင့်ဝယ်ယူခဲ့သူဒေါ်ကြည်ခင်(၁၂/အစန(နိုင်)၀၃၀၁၈၀)မှအမည်ပေါက်၏ဂရန်မူရင်းပျောက်ဆုံးသွားကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ကိုယ်တိုင်ဝန်ခံချက်၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊မှတ်ပုံတင်စာချုပ်များတင်ပြပြီးဂရန်မိတ္တူလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၄၊ မြေကွက်အမှတ်- ၈၆၂၊ ဧရိယာ (၀.၀၆၅)ဧက ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄) ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ် (၈၆၂) ဟုခေါ်တွင်သော မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် တို့အား လက်ရှိထားပိုင်ဆိုင်လျက် ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်မော်မော်ထွန်း (၈/မထန(နိုင်) ၀၂၆၁၃၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေ က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရံငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများ နှင့်တကွ ကျွန်ုပ်တို့ထံတွင် ဤကြော်ငြာ ပါသည့် နေ့မှစ၍ (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်အေးကျော့ဆွေ (စဉ်-၉၇၉၇)	ဒေါ်သက်ဆုလွင်မောင် (စဉ်-၄၇၀၁၆)
LL.B	*LL.B*
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ

အမှတ်-(၅၆၁)၊ အခန်း (၃၀၂)၊ ၃-လွှာ၊ *MAC Tower* ၊ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၇၉၉၉၃၄၃၅၃၊ ၀၉ ၇၈၅၀၀၉၈၉၃

တွေ့ရှိပါက အကြောင်းကြားပေးပါရန်
ကျွန်တော် ဦးဟန်ဝင်းထွဋ်၏ ဇနီးဖြစ်သူ မနိုနိုခင်ဇော် (၁၄/အဂပ(နိုင်)၁၆၈၄၇၅)သည် (၄.၁၁.၂၀၁၉)နေ့၊ ညနေရုံးဆင်းချိန်မှစ၍ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိတော့ဘဲ၊ ဘဏ်စာအုပ်များ၊ ရွှေငွေလက်ဝတ်ရတနာများ၊ ကိုယ်ရေးအချက်အလက် အထောက်အထားများနှင့်အတူ ပျောက်ဆုံးသွားခဲ့ပါသည်။ ယနေ့အချိန်ထိလည်း နေအိမ်သို့ပြန်လည်ရောက်ရှိလာခြင်းမရှိပါသဖြင့် တွေ့ရှိပါကဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် သွေးဆောင်ဖြားယောင်းလက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီတရားစွဲဆိုမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ဦးဟန်ဝင်းထွဋ် (၁၁/ကတလ (နိုင်)၀၀၀၀၁၃)
ဖုန်း-၀၉. ၂၅၀၁၉၀၁၅၅

ကန့်ကွက်နိုင်ပါသည်
သန်လျင်မြို့၊ ထန်းပင်ကုန်းရပ်ကွက် (၇)လမ်း၊ အမှတ် (၃၀)ဟုခေါ်တွင်သော (ပေ၆၀xပေ၁၀၀) အကျယ်ရှိ အိမ်နှင့်ခြံမြေအတွင်းမှ (ပေ၂၀xပေ၈၁) အား ပိုင်ရှင် ဒေါ်နုနုဟန် (ဘ) ဦးငွေဟန် ၁၄/ဟသတ(နိုင်)၁၁၈၃၉၀ ထံမှ ကျွန်တော် ဦးသီဟဇော် (ဘ)ဦးစိန်အောင် ၁၂/သလန(နိုင်)၀၇၀၇၂၈ က(၃–၁၀–၂၀၁၆)ရက်တွင် အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါဝယ်ယူထားသော အိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း။ (သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက နေအိမ်ဆောက်လုပ်ခြင်းကိစ္စများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။)

ဦးသီဟဇော်
၁၂/သလန(နိုင်)၀၇၀၇၂၈

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ် (B)၊ အထပ်အမှတ် (၇)၊ အခန်းအမှတ် (၀၇-၀၃) ဟုခေါ်တွင်သော (၂၃၈၀) စတုရန်းပေရှိ ဒေါ်သွယ်ဝင်းထွန်းအမည်ပေါက် ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်ပိုင်ရှင် ဒေါ်သဲမဉ္ဇူမြင့် [၉/ညဥန (နိုင်) ၁၁၂၇၄၆] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဆောက်ယူတေ့ [၁၃/မဆတ (နိုင်) ၀၈၂၂၀၅] ကိုင်ဆောင်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။

ထို့ကြောင့် ဖော်ပြပါအရောင်းအဝယ်ကိစ္စရပ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးထွန်းလင်းကျော် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၁၅)
